မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၁၁၉)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရတနာသိင်္ဃတံတား စဉ့်ကူးဘက်ကမ်းတွင် တံတားသံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရတနာသိင်္ဃတံတား သံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေး ဒေသခံများအား နှုတ်ဆက်အားပေးပြီး ဆိုလာစနစ်ဖြင့် စပါယ်နဂိုရ်ကျေးရွာမီးလင်းရေး မှာကြား

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ မြောက်ဘက် ၄၅ မိုင်ခန့်အကွာ မြေပြင်ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ သပိတ်ကျင်းလျှင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၂၄ ရက်နှင့် ၂၅ရက်တို့တွင် ငလျင်ဒဏ်သင့်ဒေသများသို့ သွားရောက်၍ ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် စီမံလမ်းညွှန်မှာကြားခဲ့သည်။

ယနေ့နံနက် ၇ နာရီတွင် နိုင်ငံတော်သမ္မတသည် အဆိုပါ ငလျင်ဒဏ်သင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ထပ်မံတွေ့ဆုံရန်အတွက် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးတင်ထွတ်၊ သူရဦးအေးမြင့်နှင့် ဦးသိန်းဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊

စာမျက်နှာ ၈ ကော်လံ ၁ ▲

ကင်ဆာဝေဒနာရှင်များအတွက် ဓာတ်ရောင်ခြည်စက်သစ်များ ထပ်မံအားဖြည့်ပြီးပါက ကုသရန်စောင့်ဆိုင်းနေကြရမှုများ ကင်းဝေးနိုင်တော့မည်

ခင်လေးမြင့်အောင်

ရန်ကုန် ဇန်နဝါရီ ၂၆

ကင်ဆာဝေဒနာရှင်များအတွက် အရေးပါသည့် ကုထုံးတစ်မျိုးဖြစ်သည့် ဓာတ်ရောင်ခြည်အသုံးပြုကာ ကုသခြင်းအား ယခု ၂၀၁၃ ခုနှစ်အတွင်းတွင် စက်အသစ်လေးလုံး ထပ်မံတပ်ဆင်ပေးသွားရန်ရှိခြင်းကြောင့် ယခင်ကထက် ပိုမိုလျင်မြန်စွာ အသုံးပြုကုသနိုင်တော့မည်ဖြစ်ကြောင်းသိရှိရသည်။

"ဓာတ်ရောင်ခြည် စက်တွေက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးနဲ့ တောင်ကြီးမြို့က စဝ်စံထွန်းဆေးရုံတွေမှာရှိတာပါ။ အခု ၂၀၁၃ ခုနှစ်အတွင်းမှာပဲ နိုင်ငံတော်ရဲ့ရန်ပုံငွေနဲ့ စက်အသစ်လေးလုံးကို ထပ်မံဖြည့်တင်းရတာဖြစ်ပါတယ်။ လက်ရှိမှာတော့ နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးနဲ့ မန္တလေးဆေးရုံကြီးအတွက် ထပ်မံဖြည့်တင်းမယ့် စက်အသစ်နှစ်လုံး ရောက်ရှိနေသလို ရန်ကုန်ဆေးရုံကြီးအတွက်လည်း ဓာတ်ရောင်ခြည်စက်အသစ်တွေမှာယူထားပြီး မကြာခင် ရောက်ရှိတပ်ဆင်နိုင်တော့မှာ ဖြစ်ပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်ကျော်က ပြောကြားသည်။

မြန်မာနိုင်ငံ အရပ်ရပ်ရှိ ကင်ဆာရောဂါ ဝေဒနာရှင်များ

စာမျက်နှာ ၈ ကော်လံ ၂ ❐

ယ နေ့ သ တင်း အ ညွှန်း

ကူညီရိုင်းပင်းတတ်သော စေတနာရှင်စိတ်ဓာတ် လူတိုင်းမွေးမြူအပ်

ခေါင်းကြီး *စာမျက်နှာ -၂*

မြန်မာ့ရိုးရာလက်ဝှေ့ မြန်မာပြည် ချန်ပီယံလုပွဲကြီး ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်

စာမျက်နှာ -၁၂

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စေတနာရှင်

ကျွန်ုပ်တို့ လူမှုအသိုက်အဝန်းအတွင်း မမျှော်လင့်ဘဲ ပေါ်ပေါက်လာသော လူမှုဒုက္ခများမှာ စေတနာရှင်တို့၏ ပူးပေါင်းကူညီပေးမှုကြောင့် ပြေလည်သွားသော သာဓကများစွာ ရှိလေသည်။ ဥပမာ ရေဘေး၊ လေဘေး၊ မီးဘေး၊ ငလျင်စသည်တို့မှာ မမျှော်လင့်သော လူမှုဒုက္ခများပင်ဖြစ်၏။ ဤကဲ့သို့သော လူမှုရေးဒုက္ခများသည် စေတနာရှင်တို့ ပူးပေါင်းပါဝင် ကူညီပေးကြသည့်အတွက် အဆင်ပြေချောမွေ့သွားရသည်များရှိ၏။

လူမှုရေးကူညီဆောင်ရွက်တတ်ကြသော စေတနာရှင်များသည် ကျွန်ုပ်တို့လူမှုအသိုက်အဝန်းအတွင်း အမြဲတမ်းရှင်သန်ထွန်းကားနေသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းထိုမမျှော်လင့်သော လူမှုဒုက္ခများ ကြုံတတ်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ဤသို့ မမျှော်လင့်သော လူမှုဒုက္ခများကြုံရသည့်အခါ စေတနာရှင်များမရှိချေက များစွာဒုက္ခရောက်နိုင်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ပင်ကိုဗီဇအားဖြင့် တစ်ဦးကိုတစ်ဦး ကူညီတတ်ကြသည်။ ထိုသို့ ကူညီရိုင်းပင်းစိတ်ရှိခြင်းကပင် မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။

မကြာမီက ဝေါမြို့လယ်ရှိ စစ်တောင်းမြစ်ကူးတံတားပေါ်တွင် မြေတူးစက်သယ်လာသောကားတစ်စီး တံတားအပေါ်တန်းနှင့် ချိတ်မိပြီး လမ်းပိတ်ဆို့သွားသဖြင့် ခရီးသည်မြောက်မြားစွာ အတိဒုက္ခရောက်ခဲ့ကြရသည်။ ခရီးသည်များအား ဒေသခံပြည်သူများက စေတနာအလျောက် ထမင်းထုပ်ပေးသူ၊ ရေဘူးပေးသူစသည်ဖြင့် ကူညီပေးခဲ့ကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ စေတနာရှင်တစ်ဦးက ထမင်းထုပ်များ ဝေငှပေးခဲ့ရာ ဆန် တင်း ၇၀ ခန့် ကုန်ကျခဲ့သည်ဟုဆိုသည်။ မည်သို့ပင်ဖြစ်စေ မမျှော်လင့်ဘဲကြုံတွေ့ရသည့် လူမှုဒုက္ခများကို ကူညီပေးရခြင်းသည် အလွန်မွန်မြတ်သော အလုပ်ဟု ယူဆမိပါသည်။ ဘုရားကျောင်းကန် စေတီပုထိုးများတွင် ရေစက်ချလှူဒါန်းသော အလှူကြီးမဟုတ်သော်လည်း ဒုက္ခရောက်နေသူများကို ကူညီပေးရသည့်အလုပ်သည် အလွန်မွန်မြတ်လှပါသည်။ ထိုကဲ့သို့သော စေတနာရှင်များ မြန်မာပြည်တွင် အမြောက်အမြား ပေါ်ပေါက်နေစေချင်ပါသည်။ လူမှု ဒုက္ခကြုံတွေ့နေရစဉ် ကူညီရခြင်းသည် ကူညီသူမှာရော၊ ကူညီခံရသူများပါ အကျိုးကျေးဇူးများနိုင်ပါသည်။ လူဆိုသည်မှာ ဤကဲ့သို့သော ဒုက္ခများမကြုံတွေ့နိုင်ဟု တစ်ထစ်ချပြော၍ မရနိုင်ပါ။ တစ်ကွေ့မဟုတ် တစ်ကွေ့ ကြုံရတတ်ပါသည်။ ထိုအခါ အကူအညီဆိုသည်မှာ လိုအပ်မည်သာဖြစ်ပါသည်။ လူတိုင်းလူတိုင်းက စေတနာအလျောက် ကူညီသွားကြမည်ဆိုလျှင် အားလုံးအဆင်ပြေသွားမည် ဖြစ်ပါသည်။ ကူညီရိုင်းပင်းတတ်သော စေတနာရှင်စိတ်ဓာတ် လူတိုင်းမွေးမြူအပ်ပါသည်။ ။

မူးယစ်ဆေးဝါးအကြောင်း ပညာပေးဟောပြော

လှိုင် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အထက(၁) လှိုင် ဘုရင့်နောင်ခန်းမတွင် ၂၀၁၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် အိပ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပရာ လှိုင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းက အသိပညာပေး ဟောပြောခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဆရာဝန်၊ မြို့နယ်စခန်းမှူးနှင့် ရန် ကုန်(အနောက်) မူးယစ်အထူးအဖွဲ့ တာဝန်ရှိသူများက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ် ဆိုးကျိုးများအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

(၁၂၂)

ပြည်တွင်းသတင်း

ဆူးလေစေတီတော် (၁၀၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၆

ဆူးလေစေတီတော်၏ (၁၀၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် ညနေ ၃ နာရီတွင် ဆူးလေစေတီတော် ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဆူးလေစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် (၁၀၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးကြိုင်မြင့်က အခမ်းအနားဖွင့် လျှောက်ထားလွှာဖတ်ကြားပြီး စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက ပဋ္ဌာန်းပစ္စယုဒ္ဒေသ (၂၄)ပစ္စည်း ရွတ်ဖတ်ပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကာ စေတီတော်ရင်ပြင်ရှေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဗုဒ္ဓပူဇနိယပွဲတော် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့်တို့က ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆူးလေစေတီတော်၏ (၁၀၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အကြိုအဖြစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ တရားဒေသနာတော်များ ဟောကြားခြင်း၊ ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ခြင်းနှင့်စေတီတော်မုခ် လေးမုခ်တွင် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး ပွဲတော်အောင်ပွဲအဖြစ် ဇန်နဝါရီ ၂၇ ရက်တွင် ဆွမ်းဆန်စိမ်းလောင်းလှူသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသွားတို့နားခိုရာ အဆောက်အအုံ ပြန်ဆောက်ပေးစေချင်

မြေနီကုန်းဘက်မှလာသော လိုင်းကားများရပ်ရန်နှင့် ခရီးသွားများ ခေတ္တနားခိုကာ ကားစောင့်ရန်အတွက် တည်ဆောက်ပေးထားသော ကိုးထပ်ကြီးဘုရားရှေ့ ဘတ်(စ်)ကားဂိတ် နားခိုဆောင်လေးတစ်ခုမှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။

ယနေ့လည်း ကိုးထပ်ကြီးဘုရားသို့ဝင်ရောက်ဖူးမြော်ပြီး ပြန်အဆင်း၌ ခရီးသည်များက အမိုးအကာမဲ့စွာ နေပူကျဲကျဲတွင် ကားအလာ စောင့်ဆိုင်းနေရသည်ကို တွေ့လိုက်ရသည်။

နေပူကျဲကျဲတွင် ခရီးသည်များ ဤသို့အမိုးအကာမဲ့စွာ ကားအလာကို စောင့်နေကြစဉ်။

ဘုရားရှေ့မှ ဈေးရောင်းနေသူတစ်ဦးအား ထိုခရီးသည် နားခိုဆောင်လေး ဘယ်တုန်းကပျောက်သွားသည်ကို သိလို၍ မေးကြည့်မိသည်။

“ဘယ်နေ့၊ ဘယ်ရက်က ပျောက်သွားတယ်ဆိုတာကိုတော့ မမှတ်မိတော့ဘူး။ မှတ်မိတာကတော့ မြန်မာပြည်ကို အမေရိကန်သမ္မတ အိုဘားမားမလာခင် ဆယ်ရက်လောက်ထင်တယ်။ ကားဝင်တိုက်သွားတာကိုတော့ မှတ်မိတယ်”ဟု ဖြေကြားသံကို ကြားရပြီး နောက်တစ်ဦးက “သေချာတာကတော့ အိုဘားမား မလာခင်တစ်ရက်အလိုမှာတော့ အဲဒီပျက်သွားတဲ့ အမိုးကြီးကို လာသယ်သွားတာမှတ်မိတယ်”ဟု ဖြေသံများကြောင့် ဝါးလုံးထိုးမရယ်မိသော်လည်း ပြုံးမိခဲ့ရသည်။

အစ်မ (အမေ)ပြောဖူးသည်။ မင်းကို မွေးတာအိမ်နောက်က နွားမကြီး သေတုန်းကပေါ့ဆိုသလို ဖြစ်နေသည်။

မြန်မာနိုင်ငံသို့အမေရိကန်သမ္မတ အိုဘားမား လာရောက်ခဲ့သည်မှာ ၂၀၁၂ နိုဝင်ဘာ ၁၉ ရက်က ဖြစ်သည်။ ယခုဆို နှစ်လကျော်မျှပင် ကြာမြင့်ခဲ့ပြီဖြစ်သည်။

သက်ဆိုင်ရာက မည်သည့်အတွက်ကြောင့် ထိုနေရာ၌ ခရီးသည် နားနေဆောင်လေးတစ်ခု ပြန်လည်တည်ဆောက်ပေးခြင်း မရှိသည်ကိုတော့ မသိပါ။

သို့သော် ခရီးသွားပြည်သူများ အနေဖြင့် နေပူပူ မိုးရွာရွာ ပုံတွင်မြင်တွေ့နေရသည့်အတိုင်း အမိုးအကာမဲ့စွာစောင့်ဆိုင်းနေရဦးမည်ဖြစ်၍ သက်ဆိုင်ရာမှ ခရီးသွားပြည်သူတို့အတွက် လစ်ဟာနေသော ထိုနေရာလေးတွင် နားနေဆောင်လေးတစ်ခု အမြန်ဆုံးတည်ဆောက်ပေးနိုင်ရန် တင်ပြရေးသားလိုက်ရပါသည်။

တင်ဝင်းလေး (ကြည့်မြင်တိုင်)

ကြံရာသီဇေယျဝတီသကြားစက်ဖွင့်၊ တောင်သူများ ဈေးကောင်းရ

ဖြူး ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျဝတီသကြားစက်ကို စက်မှုဝန်ကြီးဌာနမှ ကျော်သာကုမ္ပဏီက နှစ်ရှည်စာချုပ်ဖြင့် ငှားရမ်း၍ ၂၀၁၃ ခုနှစ် ကြံရာသီ ဇန်နဝါရီ ၁၄ ရက်တွင် ကြံများကို ကြိုတင်ဝယ်ယူခဲ့ပြီး ဇန်နဝါရီ ၁၇ ရက် မှ စတင်၍ စက်စတင် လည်ပတ်ကြိတ်ဝါးနေပြီဖြစ်သည်။

ဖြူးမြို့နယ် ဇေယျဝတီသကြားစက်အနေဖြင့် ကြံများကို ဖြူးမြို့နယ်နှင့်ကျောက်ကြီးမြို့နယ် မုံးဒေသတို့မှ ကြံတောင်သူများ စိုက်ပျိုးခဲ့ကြသည့် ကြံများကို ကြံစိုက်ခင်းအရောက် ကြံတစ်တန်ကျပ်သုံးသောင်း ဈေးပေးချေဝယ်ယူ၍ စက်ရုံအရောက် မော်တော်ယာဉ်များဖြင့် သယ်ယူကြိတ်ဝါးလျက်ရှိပြီး ကြံစိုက်တောင်သူများအနေဖြင့် ယခင် ၂၀၀၉/၂၀၁၀ ကြံရာသီတွင် စက်မှုဝန်ကြီးဌာနမှ ကြံတစ်တန် ကျပ် ၁၈၀၀၀ ဈေးဖြင့်သာ ဝယ်ယူခဲ့ရာမှ ယခု ၂၀၁၃ ခုနှစ် ကြံရာသီတွင် ကျော်သာ ပုဂ္ဂလိကကုမ္ပဏီက ဇေယျဝတီသကြားစက်အတွက် ကြံများကို ကြံစိုက်ခင်းအရောက် မော်တော်ယာဉ်များစေလွှတ်၍ ကြံတစ်တန် ကျပ်သုံးသောင်း ပေးချေဝယ်ယူသဖြင့် ကြံစိုက်တောင်သူများ ဝင်ငွေကောင်းတွက်ခြေကိုက်လျက်ရှိကြသည်။

လာမည့် ၂၀၁၄ ခုနှစ် ကြံရာသီအတွက် ယခုနှစ်တွင် ကြံစိုက်တောင်သူများ ပိုမိုများပြားစွာ စိုက်ပျိုးလာကြသည်ကို တွေ့ရှိနေရသည်။

(၁၁၃)



ဘဝအမောပြေ

အပိုင်းလိုက် မမွေးပါ

တစ်နေ့တွင် ဆရာမက တပည့်များအား စကားစမြည်ပြောနေရင်း မေးခွန်းများမေးမြန်းကြည့်ရာ-

ဆရာမ ။ ။ အောင်အောင်။ မင်းကို ဘယ်မှာမွေးသလဲ။
အောင်အောင်။ ။ မန္တလေးမှာပါဆရာမ။
ဆရာမ ။ ။ အေး-ဒါဆို ဘယ်အပိုင်းလဲ ပြောပါဦး။
အောင်အောင်။ ။ တစ်ကိုယ်လုံးပါဆရာမ။

MMH-ရေးသားသည်

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Madam Pany YATHOTOU ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ရွှေတိဂုံစေတီတော်သို့ရောက်ရှိကြပြီး လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆေးဒိုင်းတန်ဆောင်းရှိ ဆည်းသည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုး၍ စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြကာ စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆည်းသည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Madam Pany YATHOTOU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Madam Pany YATHOTOU ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ လေ့လာကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးရွာခဲ့ပြီး နေရာကွက်၍ မိုးကြီးခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ဝ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၃ ဒသမ ၂၇ လက်မနှင့် ကော့သောင်းမြို့တွင် ဝ ဒသမ ဝ၈ လက်မတို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

သက်ကြီးဝါကြီးစာကြည့်တိုက်ပညာရှင်ကြီးများအား (၁၅)ကြိမ်မြောက်ပူဇော်

ရန်ကုန် ဇန်နဝါရီ ၂၆

သက်ကြီးဝါကြီး စာကြည့်တိုက်ပညာရှင်ကြီးများအား (၁၅)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာန (၂၀၁၁-၂၀၁၂)ပညာသင်နှစ် စာကြည့်တိုက်နှင့် သုတပညာဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ် (၂၄)တွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဆုများချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးက အမှာစကားပြောကြားပြီး ကန်တော့ခံဆရာကြီး ဆရာမကြီး ၃၁ ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တိုးမြှင့်ပင်စင်လစာခံစားခွင့်ရှိသူများဆက်သွယ်ရန်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုးမြှင့်ပင်စင်ခံစားရန် ကျန်ရှိနေသော ပင်စင်စားများဖြစ်သည့် ဦးခင်မောင်တင့်(စက်မှုကျွမ်းကျင်-၂)၊ ဦးသိန်းကျော် (စက်မှုကျွမ်းကျင်-၃)၊ ဦးညီမောင်(လ/ထ စာရင်းအင်းမှူး)၊ ဦးအောင်မင်း(အကြီးတန်းစာရေး)၊ ဦးစောနေစေး(ရုံးအကူ/စာပို့)၊ ဦးမောင်မောင်ကြီး(အစောင့်)တို့သည် တိုးမြှင့်ပင်စင်ခံစားနိုင်ရန်အတွက် ကိုယ်တိုင်(သို့မဟုတ်)ကိုယ်စားလှယ်မှ ခိုင်လုံသော အထောက်အထားများဖြင့် ၃၀-၁-၂၀၁၃ရက် နောက်ဆုံးထား၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ လာရောက်ဆက်သွယ် လျှောက်ထားနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

လက်တွန်းထွန်စက်များ၊ အထွက်ကောင်းမျိုးသန့်မျိုးစေ့များ ပေးအပ်ပွဲနှင့် အခွန်ပညာပေးစာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲဆုပေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော လက်တွန်းထွန်စက်လေးစီးနှင့် အထွက်ကောင်းမျိုးကောင်းမျိုးသန့်မျိုးစေ့များ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲက ပြည်နယ်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဟုန်းငိုင်း တက်ရောက်အမှာစကားပြောကြားပြီး လက်တွန်းထွန်စက်လေးစီးကို တောင်သူများကိုယ်စား ဟားခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆွေခန့်ထန်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စပါး၊ ပြောင်း မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဗန်ထောင်းက တာဝန်ရှိသူများထံပေးအပ်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ပြသထားသော လက်တွန်းထွန်စက်လေးစီး**(ယာပုံ)**နှင့် စပါး၊ ပြောင်းအထွက်ကောင်း မျိုးသန့်မျိုးစေ့များကို ကြည့်ရှုအားပေးကြသည်။ အထွက်ကောင်း မျိုးသန့်မျိုးစေ့များပေးအပ်ပွဲတွင် တောင်သူများအား ရွှေရင်အေးမျိုးစပါး တင်း၃၀၀၊ အစေ့ထုတ်ပြောင်း ကီလို၇၅၀နှင့် ပုလဲသွယ် ၁၀၅ ကီလိုတို့ကို ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်အဆင့် အခြေခံပညာ အလယ်တန်းအဆင့် အခွန်ပညာပေး စာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲကို နံနက် ၁၀ နာရီတွင် ဟားခါးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ ပြည်နယ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးနန်ဇမုန်က အမှာစကားပြောကြားပြီး ချင်းပြည်နယ် အခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးစိုးညွန့်က အခွန်ပညာပေးဆိုင်ရာများ ရှင်းလင်းပြောကြားကာ ပြည်နယ်အဆင့် စာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

အင်ဂိုလာနိုင်ငံသမ္မတ၏ သမီးကြီး အာဖရိကတွင် ပထမဆုံးအမျိုးသမီး ဘီလျံနာဖြစ်လာ

လူအန်ဒါ ဇန်နဝါရီ ၂၆

အင်ဂိုလာသမ္မတ၏ သမီးကြီး အစ္စဘယ်ဒေါ့စ်ဆန်တို့စ်သည် အာဖရိကတွင် ပထမဆုံးအမျိုးသမီး ဘီလျံနာအဖြစ် မှတ်တမ်းတင်ခံရကြောင်း အမေရိကန်နိုင်ငံထုတ် စီးပွားရေးမဂ္ဂဇင်းဖောဘီးစ်မဂ္ဂဇင်းက ဖော်ပြလိုက်သည်။

ပေါ်တူဂီပိုင်ကုမ္ပဏီအချို့တွင် အစုရှယ်ယာများ ဝင်ထားသူ အသက် ၄၀အရွယ်ရှိ အစ္စဘယ်ဒေါ့စ်ဆန်တို့စ်အား အင်ဂိုလာဘဏ်တစ်ဘဏ်က ဘီလျံနာသူဌေးကြီးများစာရင်းတွင် ထည့်သွင်းထားကြောင်း ယင်းမဂ္ဂဇင်းတွင် ရေးသားပါရှိသည်။

အစ္စဘယ်၏ ပထမဆုံးစွန့်ဦးစီးပွားရေးခြေလှမ်းမှာ စားသောက်ဆိုင်တစ်ဆိုင်ဖွင့်လှစ်ခြင်းဖြင့် စီးပွားရေးနယ်ထဲသို့ ဝင်ရောက်ခဲ့သည်။ လူအန်ဒါမြို့တွင် မီယာမီကမ်းခြေအမည်ရှိ စားသောက်ဆိုင်ဖွင့်လှစ်ခြင်းသည် အစ္စဘယ်၏ စီးပွားရေးပထမဆုံးခြေလှမ်းဖြစ်သည်ဟု ကမ္ဘာ့သူဌေးသူကြွယ်များ နောက်ခံခြေရာကောက်အဖြစ် ဖောဘီးစ်မဂ္ဂဇင်း တွင်ဖော်ပြသည်။

လုံးပန်းနေရ

အင်ဂိုလာနိုင်ငံသည် ပေါ်တူဂီလက်အောက်မှ လွတ်လပ်ရေးရရှိပြီးနောက် တိုင်းပြည်ချွတ်ခြုံကျစေမည့် ပြည်တွင်းစစ်မီး ၂၇ နှစ်ကြာတောက်လောင်ခဲ့သည်။ ပြည်တွင်းစစ်၏ အမွေဆိုးဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ မူဝါဒရေးရာဆိုင်ရာများ ပျက်စီးမှုများမှ ရုန်းထွက်နိုင်ရေးအန်ဂိုလာနိုင်ငံက ဝါယမစိုက် လုံးပန်းနေရဆဲဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် ပြည်တွင်းပဋိပက္ခအဆုံးသတ်ပြီးနောက် အင်ဂိုလာနိုင်ငံသည် အာဖရိကရေနံထုတ်လုပ်မှုဦးဆောင်နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး စီးပွားရေးဘက်တွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာလျက်ရှိသည်။

နိုင်ငံ၏သမ္မတ ဂျိုဝေးအက်ဒူယာနိုဒေါ့စ်ဆန်တို့စ်က သမ္မတသက်တမ်း ခုနစ်နှစ်အတွင်း အင်ဂိုလာနိုင်ငံ၏ စီးပွားရေးကို ထိန်းမတ်ပေးထားနိုင်လျက်ရှိသည်။ **(ဘီဘီစီ)**

တူရကီဝန်ကြီးချုပ်က ဝန်ကြီးလေးဦးအားအလုပ်မှရပ်စဲ

အင်ကာရာ ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ်က အီရတ်နယ်စပ်တစ်လျှောက် ကာ့ဒ်အကြမ်းဖက်ခွဲထွက်ရေးသမားများအား လေကြောင်းတိုက်ခိုက်မှုတစ်ရပ်တွင် အရပ်သား ၃၄ ဦး သေဆုံးမှု နှင့် ပတ်သက်ပြီး မလျော်သတင်းဖွင့်ချခဲ့မှုကြောင့် တူရကီဝန်ကြီးချုပ်ရီဆက် တေယက်အာဒိုဂန်က သူ၏ပြည်ထဲရေးဝန်ကြီး အီဒရစ်နာအန်ရှာဟင် (အပေါ်ပုံ)**ကို ဇန်နဝါရီ ၂၄ ရက်တွင် အလုပ်မှရပ်စဲလိုက်ကြောင်း ပရက်စ်တီဗွီသတင်း တစ်ရပ်တွင် ဖော်ပြသည်။**

ပြည်ထဲရေးဝန်ကြီးရှာဟင်အား ဇန်နဝါရီ ၂၄ ရက်က ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် အစ္စတန်ဘူလ်အုပ်ချုပ်ရေးမှူးဟောင်း မူအမ္မာဂူလာသည် ၎င်း၏နေရာကို ဆက်ခံသူဖြစ်လာနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ ယင်းနေ့တွင်ပင် ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများကိုလည်း အလုပ်မှရပ်စဲကာ အစားထိုးခန့်အပ်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီးရှာဟင်သည် ၂၀၁၁ ခုနှစ်က အရပ်သားများသေဆုံးမှုနှင့် ပတ်သက်ပြီး သူ၏အတွေ့အကြုံတစ်ခုကို တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖွင့်ဟပြောကြားခဲ့မှုကြောင့် ထိုသို့အလုပ်မှ ရပ်စဲခံခဲ့ရခြင်းဖြစ်သည်။

ယင်းသို့ ပြောင်းလဲဖွဲ့စည်းမှုသည် တူရကီနှင့်ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)တို့အကြား ဆယ်စုနှစ်သုံးခုနီးပါးရှိ ပဋိပက္ခကို အဆုံးသတ်ရန် ငြိမ်းချမ်းရေးဆွေးနွေးမှုများ စတင်ပြုလုပ်သည့် အချိန်နှင့်လည်း တိုက်ဆိုင်နေကြောင်း အဆိုပါ သတင်းတွင် ဖော်ပြသည်။

တူရကီနိုင်ငံသည် လူဦးရေ ၁၅ သန်းမျှ အင်အားရှိသော ကာ့ဒ်လူမျိုးများကို ပိုမိုကျယ်ပြန့်သည့် အခွင့်အရေးများ ခွင့်ပြုနိုင်သော ငြိမ်းချမ်းရေးလမ်းစဉ်တစ်ရပ် တူရကီအစိုးရနှင့် ပီကေကေတို့ မကြာသေးမီက သဘောတူညီခဲ့သည်။ **(ပရက်စ်တီဗွီ)**

မြောက်ကိုရီးယား နျူကလီးယားထပ်မံစမ်းသပ်လျှင် တရုတ်နိုင်ငံက ထောက်ပံ့မှုများ လျှော့ချမည်

ပြုံယမ်း ဇန်နဝါရီ ၂၆

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားစမ်းသပ်မှုများ ထပ်မံလုပ်ဆောင်မည်ဆိုလျှင် တရုတ်နိုင်ငံက ယင်းတို့၏ ထောက်ပံ့ကူညီမှုများကို လျှော့ချသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများက သတိပေးပြောကြားချက်ကို ဇန်နဝါရီ ၂၅ ရက်တွင် ပရက်စ်တီဗွီသတင်း၌ ဖော်ပြသည်။

မြောက်ကိုရီးယား နျူကလီးယားစမ်းသပ်မှုများ နောက်ထပ်လုပ်ဆောင်လျှင် တရုတ်နိုင်ငံက မြောက်ကိုရီးယားသို့ ၎င်းတို့၏အကူအညီများလျှော့ချရန် တုံ့ဆိုင်းနေမည်မဟုတ်ကြောင်း ဇန်နဝါရီ ၂၅ ရက်ထုတ် ဂလိုဘယ်တိုင်းမ်စ်သတင်းစာ၏ ခေါင်းကြီးတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့် နက်ရှိုင်းသော စီးပွားရေးဆိုင်ရာ ဆက်ဆံမှုများရှိသည်။ ထို့အပြင် တရုတ်နိုင်ငံသည် ပြုံယမ်း၏ အဓိက စွမ်းအင်ထောက်ပံ့မှုနှင့် ကုန်သွယ်မှုစီးပွားဖက်နိုင်ငံဖြစ်သည်။

မြောက်ကိုရီးယားသည် ၎င်း၏ အဓိကရန်သူဖြစ်သည့် အမေရိကန်နိုင်ငံအား ရည်ရွယ်ပြီး တာဝေးပစ်ဒုံးကျည်များပစ်လွှတ်မှုနှင့် အဆင့်မြင့်နျူကလီးယား စမ်းသပ်မှုများကို ပိုမိုလုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထွက်ပေါ်လာ

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို ဆန့်ကျင်သည့် အရေးယူပိတ်ဆို့မှုအသစ် ထပ်မံပြုလုပ်ရန် အမေရိကန်ထောက်ခံသောဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခွင့်ပြုခဲ့ပြီးနောက်နှစ်ရက်အကြာတွင် အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

အီဂျစ်နိုင်ငံတွင် ပဋိပက္ခများဖြစ်ပွား

ကိုင်ရို ဇန်နဝါရီ ၂၆

အီဂျစ်နိုင်ငံတစ်ဝန်း ဒုတိယအကြိမ်မြောက် တော်လှန်ရေးနှစ်ပတ်လည်အဖြစ် လူအများအပြားက ဆန္ဒပြပွဲများပြုလုပ်ခဲ့ရာ ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်ပွားခဲ့သဖြင့် ဇန်နဝါရီ ၂၅ ရက်က ငါးဦးသေဆုံးပြီး ၂၅၂ ဦးကျော် ဒဏ်ရာရရှိသွားကြောင်း၊ နိုင်ငံအတွင်း အကြမ်းဖက်မှုမှာ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်သည်။

ပြောကြားခဲ့

"အခုဆိုရင် ပဋိပက္ခဖြစ်မှုတွေကြောင့် ဒဏ်ရာရသူ ၂၅၂ ဦးမက ရှိနေပါပြီ။ ဒဏ်ရာရသူတွေကို ဆေးရုံပို့ပေးပြီး ကုသမှုတွေလုပ်ပေးထားပါတယ်။ ဒဏ်ရာရရှိသူအတော်များများ ဆေးကုသမှုခံယူနေရဆဲပါပဲ" ဟု အီဂျစ်နိုင်ငံကျန်းမာရေးဝန်ကြီး၏ ပြောရေးဆိုခွင့်ရှိသူ အာမက်အိုမာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

စူးအက်ပြည်နယ်အတွင်း တိုက်ခိုက်မှုများတွင် ဆန္ဒပြသူငါးဦးသေဆုံးပြီး နိုင်ငံတစ်ဝန်းလုံး၌ ရဲတပ်ဖွဲ့ဝင် ၃၁ ဦးနှင့် စစ်ဘက်တပ်ဖွဲ့ဝင်အများအပြား ဒဏ်ရာရရှိခဲ့သည်ဟု မီနာရုပ်မြင်သံကြားက ကြေညာခဲ့သည်။

ဆန္ဒပြသူများသည် စူးအက်ပြည်နယ်ရှိ အစိုးရပိုင်အဆောက်အအုံများကို ဇန်နဝါရီ ၂၅ ရက်ညက ဖျက်ဆီးပစ်ခဲ့သည်။ စူးအက်ပြည်နယ် အပြင်ဘက်တွင်လည်း ထိပ်တိုက်တွေ့ဆုံမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်ဟု မီနာသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။ **(ဆင်ဟွာ)**

မိုဇမ်ဘစ်၌ ရေလွှမ်းမှုများဖြစ်ပွား၊ ဒေသခံ ၇၀၀၀၀ ခန့်ရေဘေးကြုံတွေ့

ဆိုင်ဆိုင် ဇန်နဝါရီ ၂၆

မိုဇမ်ဘစ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ ပြည်သူ ၃၆ ဦး သေဆုံးပြီး ၇၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း မိုဇမ်ဘစ်နိုင်ငံရှိ ကုလသမဂ္ဂမစ်ရှင်အဖွဲ့က ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်သောအစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါ ရေလွှမ်းမှုများမှာ ပြီးခဲ့သည့် သီတင်းနှစ်ပတ်ခန့်ကတည်းက ဖြစ်ပွားနေခြင်းဖြစ်ပြီး အရေးပေါ်အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။ လောလောဆယ်တွင် ရေဘေးဒုက္ခကြုံတွေ့နေရသူများမှာ ပြည်သူ ၈၅၀၀၀ ခန့်ရှိနေပြီဖြစ်သည်။

လမ်ပိုမြစ်အပါအဝင် နိုင်ငံအတွင်းရှိ မြစ်များ၊ ချောင်းများ ရေလျှံမှုဖြစ်ပွားနေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးကြရန် မိုဇမ်ဘစ်နိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂမစ်ရှင်အဖွဲ့က နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများသို့ အကူအညီတောင်းခံထားသည်။

မိုဇမ်ဘစ်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်ကတည်းက မိုးသည်းထန်ခဲ့ရာမှ ကီလိုမီတာ ၁၇၅၀ ရှည်သော လမ်ပိုမြစ်မှာ မြစ်ရေလျှံမှုများဖြစ်ပွားနေခြင်းဖြစ်သည်။ မိုဇမ်ဘစ်နိုင်ငံတောင်ပိုင်းဒေသများတွင် ရေလွှမ်းမှုများ ဆိုးရွားစွာ ဖြစ်ပေါ်နေဆဲဖြစ်သည်။ ဆိုင်ဆိုင်ကမ်းခြေမြို့ရှိ အချို့နေရာများ၌ ရေအမြင့် ၂၆ ပေခန့် အထိနစ်မြုပ်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အောက်ပုံ)** **(ဆင်ဟွာ)**

တင်မောင်လွင်-စုစည်းသည်

ကားအမြန်ရောင်းမည်
Honda Fit GE-6 (135) သိန်း
Toyota Alphard (245) သိန်း
ဖုန်း-၀၉-၅၁၆၆၅၅၉
(ဈေးနှုန်းညှိနှိုင်းနိုင်ပါသည်။)

AA CNG Taxi (၂)စီးရောင်းမည်
1. Caldina 97 model (ဖြူ) နောက်လေး
2. ဖင်ကောက် 98 model (ဖြူ)နောက်လေး
3. Mark II CHASER 92 model (ဖြူ)
4. UD Jeep (ပြာ) 3C -ဒီဇယ်
ဖုန်း-၀၉-၇၃၀၆၄၄၇၉

ပျောက်ဆုံးကြောင်း
ကျွန်မ နော်နန်းမူထွန်း ၇/သဝတ (နိုင်)၀၉၆၆၉၁၏ Passport No-M .345201 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၄၂၁၇၁၇၂၇၂

လွှတ်တော်ရေးရာကဏ္ဍ

ခွေးရူးပြန်ပြီဆိုရင် ကမ္ဘာပေါ်မှာ ဒီနေ့အထိ အသက်ရှင်သူ မှတ်တမ်းမှတ်ရာအရ တစ်ယောက်သာ ၂၀၀၆ ခုနှစ်က အမေရိကန်နိုင်ငံမှာရှိခဲ့ ကျန်းမာရေးဌာနအပါအဝင် လူထုလူတန်းစားအဖွဲ့ အစည်း၊ လူမှုရေးအဖွဲ့ အစည်းအားလုံး ခွေးရူးပညာပေးလုပ်ငန်းကို ဒီထက်မက ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်

ဇန်နဝါရီလ ၂၁ ရက်နေ့တွင်ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂) ဦး မေးမြန်းသည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဖြေကြားချက်များကို ဖော်ပြလိုက်ပါသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် နှစ်စဉ် ခွေးရူးရောဂါဖြစ်ပွားမှုနှုန်းနှင့် ခွေးရူးကိုက်ခံရပါက ကာကွယ်သည့် ထိုးဆေးများ မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ ထုတ်လုပ်သောဆေးများ လုံလောက်မှုရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

ဒေါက်တာတင်ရွှေ၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာပဏာမ ဆုမွန်ဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ စတုတ္ထအကြိမ်ပုံမှန်အစည်းအဝေးကာလနဲ့ ပဉ္စမပုံမှန်အစည်းအဝေးကာလကြားမှာ Anti-Rabies Day ဆိုပြီးတော့ United Nations ကမ္ဘာ့ကုလသမဂ္ဂကနေ ခွေးရူးတိုက်ဖျက်ရေးနေ့ဆိုပြီးတော့ သတ်မှတ်တဲ့ နေ့လေးတစ်နေ့ တွေ့ခဲ့ရပါတယ်။ ထိုနေ့မှာတော့ မကျင်းပနိုင်ကြဘဲ မြန်မာနိုင်ငံဆရာဝန်အသင်းမှ အထွေထွေရောဂါကုဆရာဝန်များရဲ့ CMP ခေါ်တဲ့ Continuing Medical Procress Programme ကို အစည်းအဝေးမှာ ဒီ Workshop လေးတစ်ခုမှာ ကျွန်တော်တက်ရောက်ပြီး နားထောင်ခဲ့ပါတယ်။ ဒီကမ္ဘာ့ကုလသမဂ္ဂကနေ ခွေးရူးကာကွယ်မှုတိုက်ဖျက်ရေးဆိုတဲ့ နေ့တစ်နေ့ကို သတ်မှတ်ပေးရခြင်းဟာ ကျွန်တော်တို့ အခုလကတည်းက ဇန်နဝါရီလ ၁၅ ရက်နေ့မှာ မြန်မာ့အလင်းသတင်းစာမှာပါရှိတဲ့အတိုင်း ခွေးရူးကာကွယ်ရေး သတိပြုဆိုတဲ့အကြောင်းအရာနဲ့ Perceptive ခေါ်တဲ့ ခေါင်းကြီးပိုင်းကနေပြီးတော့ အယ်ဒီတာရဲ့ အာဘော်လေးကို ဖတ်လိုက်ရပါတယ်။ ထိုအထဲမှာ ကျွန်တော်တို့ တစ်နှစ်၊ တစ်နှစ်ကို ၅၅၀၀၀ ခန့် ကမ္ဘာ့ပေါ်မှာ ခွေးရူးအကိုက်ခံရတဲ့အတွက် ခွေးရူးရောဂါကြောင့် သေဆုံးနေရတယ်ဆိုတာလေးကို ကျွန်တော်ဖတ်လိုက်ရပါတယ်။ ဒီအကြောင်းလည်းပါပါတယ်။ ကျွန်တော်တို့ဆရာဝန်ကြီးတစ်ဦးဟာ အာဖရိကမှာ သွားပြီးတော့ တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ သူ့ရဲ့အမျိုးသမီးတစ်ဦးဟာ ခွေးတွေကိုက်ခံရတဲ့အတွက် အသက်ဆုံးပါးဖူးတာတစ်ကြောင်း၊ ကျွန်တော်တို့ မကြာခင်ကဘဲ ဒီတတိယအကြိမ် ပုံမှန်အစည်းအဝေးခန့်လောက်မှာ အထက်မြန်မာပြည်ဘက်မှာ ကလေးငယ်တစ်ယောက်ကို ခွေးတွေက အုံခဲပြီးတော့ ကိုက်ချီသွားပြီး ကိုက်စားပစ်ခဲ့တဲ့အကြောင်း၊ နောက်ကျွန်တော်ရဲ့ ဆရာဝန်သက်တမ်းမှာလည်း ကိုယ်တွေ့ တွေ့ခဲ့ရတဲ့ ခွေးရူးရောဂါကိုက်ခံရမှုကြောင့် ခွေးရူးရောဂါဖြစ်ပွားတဲ့ လူနာတစ်ဦးရဲ့အကြောင်း၊ နောက်တစ်ခါယနေ့ မြန်မာနိုင်ငံမှာ အပြုသဘောနဲ့ရေးနေတဲ့ စာရေးဆရာကြီးတစ်ယောက်ရဲ့ သားဟာ Thailand မှာသွားပြီးတော့ တက္ကသိုလ်မှာ ပညာသင်ကြားပြီး၊ ကျောင်းပိတ်ရက်မှာ မြန်မာပြည်ကိုပြန်ချင်တယ်လို့ပြောတဲ့အတွက် မိဘကအေး ပြန်ချင်လည်း ပြန်လာဆိုပြီးတော့ ပုလဲမြို့သစ်မှာ ခွေးကိုက်ခံရတဲ့အတွက် ထိုခွေးကိုက်ခံရမှုကို အမှုမဲ့ အမှတ်မဲ့ Neglect လုပ်လိုက်တဲ့အတွက် ဒီကျောင်းသားငယ် စာရေးဆရာကြီးရဲ့သားဟာ ခွေးကိုက်ခံရမှုဟာ ခွေးကောင်းမဟုတ်ဘဲနဲ့ ခွေးရူးဖြစ်နေတဲ့ ခွေးရဲ့အကိုက်ခံရမှုကို ခံလိုက်ရတဲ့အတွက် အသက်ဆုံးပါးတဲ့အကြောင်းကို ဝမ်းနည်းစွာနဲ့ ရေးသားထားတဲ့သတိပေးစာစောင်ကိုလည်းကောင်း၊ တစ်ခါ ဒေါက်တာ ဦးခင်ရွှေဆိုပြီးတော့ ခွေးရူးကိုက်ခံရတဲ့ ဝေဒနာကိုလည်းပဲ အသိပညာပေးတဲ့အနေနဲ့ သတင်းစာတွေမှာ ရေးသားရတဲ့အကြောင်း၊ အဲဒါလေးတွေကို ဖတ်လိုက်ရတဲ့အတွက် ကျွန်တော် ဒီမေးခွန်းကို တင်ပြမေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ယခင်ကတော့ ခွေးကိုက်ခံရတယ်။ ကိုယ်ပိုင်ဆေးခန်းဖွင့်တဲ့အချိန်မှာ ဒီလို လူနာနှစ်ဦး၊ သုံးဦးကြုံတဲ့အခါမှာ ကျွန်တော်တို့ ဒေသန္တရ ခေါ်တဲ့ ဒီ Township Health Centre ကို ပို့ပါတယ်။ ဒီမြို့နယ်ဆရာဝန်ကြီးကလည်းပဲ အလျင်အမြန်ပါပဲ တာဝန်ကျေပွန်စွာနဲ့ BPI မှာ သွားဝယ်ဖို့ဆိုပြီးတော့ Anti Ravies Vaccine လို့ခေါ်တဲ့ ကျွန်တော်တို့ ခွေးရူးကာကွယ်မှုကိုဖြစ်စေတဲ့ ဆေးဝါးကို သွားရောက်ပြီးတော့ BPI မှာဝယ်တဲ့အခါမှာ တန်ဖိုးအားဖြင့်လည်း အလွန်နည်းပါတယ်။ (၁၄) လုံးတိတိ ဟိုက ရောင်းချပေးလိုက်တဲ့အခါမှာဒီ (၁၄) လုံးကို Intraperitonial လို့ ခေါ်တဲ့ ဗိုက်ပေါ်မှာ ရှပ်ပြီးတော့ ကျွန်တော်တို့ (၁၄)လုံး၊ (၁၄) ရက်တိုင်တိုင် ဆေးထိုးပေးခဲ့ပါတယ်။ ဒီလိုထိုးခဲ့တဲ့အခါမှာ များသောအားဖြင့်ကတော့ အားလုံးလိုလိုဟာ အသက်ကို ကာကွယ်နိုင်တဲ့ သဘောမျိုးတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ တချို့ကျတော့လည်းပဲ ခွေးရူးပြန် ဖြစ်တဲ့လက္ခဏာများပေါ်လာတဲ့အခါမှာ အပူချိန်၊ အလင်းရောင်ကို Photophobia and Hydrophobia လို့ခေါ်တဲ့ အလင်းရောင်ကို ကြောက်ရွံ့ခြင်း၊ နောက် ကျွန်တော်တို့ ရေကိုသောက်ရမှာ Regurgitation လို့ခေါ်တဲ့ ရေကိုမျိုမယ့်နေရာမှာ မမျိုနိုင်ခြင်းစတဲ့နောက် ဂနာမငြိမ်တဲ့ဝေဒနာတွေ ပေါ်နေတာတွေကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ သူတို့အတွက် ကျွန်တော်တို့ Quarantine လုပ်ရပါတယ်။ ဆေးရုံတွေမှာ၊ အမှောင်ခန်းထဲမှာထည့်၊ ဒါပေမဲ့ ကုရာနတ္ထိဆေးမရှိတဲ့ဘဝရောက်ပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးတွေကို ခြုံပြီးတော့ဖြစ်ပေါ်လာတဲ့အခါမှာ ကျွန်တော်တို့ Incubation Period လို့ ခေါ်တဲ့ပိုးဟာ ကျွန်တော်တို့ ကိုက်ခံရတဲ့ ရက်(၆)ရက် က နေပြီးတော့ (၃)နှစ်အတွင်းမှာ ဒီ Virus ပိုးဟာ Virus ကြောင့် ဖြစ်တဲ့ဟာပါ။ ဒီ Virus ပိုးဟာ ကိုယ်ခန္ဓာထဲမှာတည်ရှိနေတယ်လို့ ဆေးပညာရှင်တွေကလည်း သတ်မှတ်ထားကြပါတယ်။ ဒါကြောင့်မို့လို့ အခုဆိုရင် ခွေးတင်မကတော့ပါဘူး။ ခွေးနဲ့နီးစပ်နေတဲ့ကြောင်တွေမှာပါ ဖြစ်တယ်လို့ ကျွန်တော်တို့အထွေထွေရောဂါကုဆရာဝန်များအသင်းကနေပြီးတော့ ပြောကြားတဲ့အချိန်မှာ ပါလာတာ တွေ့ရပါတယ်။

အလားတူပဲ ကျွန်တော်တို့အိမ်တွေရဲ့ကြားတွေမှာ တွယ်ကပ်နေကြတဲ့ လင်းဆွဲတွေမှာတောင် ဒီ Host ဖြစ်နေတယ်လို့ သိရပါတယ်။ ဒီ Virus ကို လက်ခံတဲ့ပိုးကောင်တွေ ဖြစ်နေတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာ ဒီခွေး၊ ကြောင်၊ ဒီလင်းဆွဲတွေကို ကာကွယ်ဖို့လိုအပ်ပါတယ်။ သို့သော် ဘယ်အချိန်တွေမှာ ဖြစ်သလဲဆိုရင်တော့ ကျွန်တော်တို့ မြန်မာလနဲ့ဆိုရင် တပို့တွဲ၊ တပေါင်းဟာ အဖြစ်များတဲ့လဖြစ်ပါတယ်။ အလွန်ရာသီဥတုပူပြင်းလာတဲ့အခါမှာ ဒီ Virus ဟာ ပေါက်ဖွားမှုနှုန်းရှိလာတယ်ဆိုတာကိုတော့ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ နောက် ကျွန်တော်တို့ ကိုက်ခံရတဲ့အခါမှာလည်းပဲ ဦးခေါင်းကနေ ခြေမ၊ ခြေဖျားအထိကြည့်မယ်ဆိုရင် အထက်ပိုင်း၊ ချက်ရဲ့အထက်ပိုင်းမှာ အကိုက်ခံခဲ့ရလျှင် ဒီပိုးဟာ တကယ်ခွေးရူးပိုးရှိနေတဲ့ခွေးက ကိုက်ခံရလို့ရှိရင် အလွန်မြန်တယ်။ ဒါကျွန်တော်တို့ဆေးပညာမှာ သင်ခဲ့စဉ်က ဆရာကြီးတွေ ပို့ချခဲ့ပါတယ်။ ချက်ရဲ့အောက်ပိုင်းမှာ ကိုက်ခံရမယ်ဆိုရင်တော့ ဖြည်းဖြည်းချင်းသွားပါတယ်။ ဒါကြောင့်မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ ကိုက်ခံရတယ် ဆိုလို့ရှိရင် နိုင်ငံသူ/နိုင်ငံသား အထူးသဖြင့်ကတော့ ကလေးသူငယ်တွေနဲ့ လူကြီးတွေမှာ အထူးသတိချပ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘယ်အပိုင်းကိုပဲ ကိုက်ခံရ၊ ကိုက်ခံရ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနရဲ့ ဖွင့်ထားတဲ့ ဒေသန္တရဆေးခန်း၊ ကျွန်တော်တို့ Township Health Centre မြို့နယ်ကျန်းမာရေးအဖွဲ့၊ ကျေးလက်ကျန်းမာရေးဒေသတွေမှာ အလျင်အမြန် သွားရောက်ပြီး ပြသပြီးတော့ ကျွန်တော်တို့ BPI က ထုတ်သေးရင်လည်းပဲ ဒီ Vaccine ကို ကျွန်တော်တို့ ဒါအဆင်ပြေစွာနဲ့ နေရာတိုင်းမှာရှိနေစေဖို့ ရန်ကုန်မြို့ဆိုရင်တော့ ဒါ BPI နဲ့နီးတဲ့အတွက် ယခုတော့ ရောင်းလား၊ မရောင်းလားတော့ ဝေခွဲလို့မရဘူးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီခွေးတွေကိုလည်းပဲ၊ ခွေးမွေးတဲ့ပုဂ္ဂိုလ်တွေအနေနဲ့လည်းပဲ မိမိတို့ရဲ့ခွေးတွေကို ကာကွယ်နိုင်တဲ့ ထိုးဆေးတွေဟာ ဒီကုမ္ပဏီတစ်ခုကနေပြီးတော့သွင်းထားပါတယ်။ ဒါကြောင့်မို့လို့ ဒီခွေးကိုက်ခံရတဲ့အခါမှာ မည်သို့ပင်ဖြစ်စေ အထက်ပိုင်းမှာပဲကိုက်ခံရ ကိုက်ခံရ၊ အောက်ပိုင်းမှာပဲ ကိုက်ခံရ ကိုက်ခံရ ဘယ်လိုခွေးအမျိုးအစားမသိလည်း မသိသေးခင်မှာတော့ ကြိုတင်ကာကွယ်ပြီး မိမိတို့ရဲ့အသက်ကို ကာကွယ်နိုင်ဖို့အတွက် လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနသို့ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဖြေကြားချက်

ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေရဲ့ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှာ နှစ်စဉ်ခွေးရူးရောဂါဖြစ်ပွားမှုနှုန်းနဲ့ ခွေးရူးကိုက်ခံရပါက ကာကွယ်တဲ့ထိုးဆေးများ၊ မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ ထုတ်လုပ်သောဆေးများ လုံလောက်မှု ရှိ/ မရှိ ဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။ မေးခွန်းမေးမြန်းပေးတဲ့ ဆရာကြီးကိုလည်း ကျွန်တော်ကျေးဇူးအများကြီးတင်ပါတယ်။ မေးခွန်းက တိုတိုနဲ့ ဖြေရင် တိုတိုနဲ့ပြီးသွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အရေးကြီးတဲ့ နောက်ခံအကြောင်းရင်းကလေးတွေကို ကျွန်တော်တစ်ချက်လေး ပြောချင်ပါတယ်။

အဖြေကို ဖြေရမယ်ဆိုရင်တော့ ၂၀၁၀ ခုနှစ်အတွင်းမှာ ခွေးရူးဖြစ်ပွားတာ (၂၀၅) ယောက်ရှိပြီးတော့ (၂၀၅) ယောက်စလုံးသေပါတယ်။ ၂၀၁၁ ခုနှစ်အတွင်းမှာ ခွေးရူးဖြစ်ပွားတဲ့သူ (၂၄၀)ရှိပြီးတော့ (၂၄၀) စလုံးသေပါတယ်။ ပြည်နယ်နဲ့ တိုင်းအလိုက်ပြောရရင် ကချင်မှာ (၃)၊ ကယားမှာ (၁)၊ ကရင်မှာ (၂)၊ ချင်းမှာတော့ တစ်ယောက်မှ မသေဘူး။ စစ်ကိုင်း (၄၂)၊ တနင်္သာရီ (၄)၊ ပဲခူး (၄၈)၊ မကွေး(၂၅)၊ မန္တလေး (၅၀)၊ မွန်ပြည်နယ် (၈)၊ ရခိုင်(၃)၊ ရန်ကုန်တိုင်းဒေသကြီး(၂၀)၊ ရှမ်းပြည်နယ်(၆)၊ ဧရာဝတီတိုင်းဒေသကြီး (၂၈)၊ စုစုပေါင်း (၂၄၀) ၂၀၁၁ ခုနှစ်တုန်းက ခွေးရူးရောဂါဖြစ်ပွားပြီးတော့ သေကြပါတယ်။ ဒီဥစ္စာ တစ်ကမ္ဘာလုံးမှာ ခုနလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသလိုပဲ (၅၅၀၀၀) သေပါတယ်။ အဲဒီ (၅၅၀၀၀) မှာ (၉၅) ရာခိုင်နှုန်းဟာ အာရှနဲ့အာဖရိကမှာ သေတာဖြစ်ပါတယ်။ အဲဒီအထဲကနေပြီးတော့ ခွေးရူးကိုက်ခံရတဲ့ လူတွေရဲ့ ဒီခွေးရူးရောဂါကလည်း ခွေးအပြင် တခြား သတ္တဝါတွေကလည်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ခွေးကြောင့်ဖြစ်တာက (၉၇) ရာခိုင်နှုန်း ဖြစ်ပါတယ်။

အဲဒီတော့ ဒီနေရာမှာကျွန်တော်တို့(၂၀၅)ဦး၊ (၂၄၀) ဦး သေတယ်ဆိုတာ ကျွန်တော်တို့က သေတဲ့လူဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကျန်းမာရေးမှာ ဒါ Under Reporting လို့ခေါ်ပါတယ်ခင်ဗျ။ ခွေးရူးဖြစ်တာက တောနယ်ဒေသတွေမှာ အဖြစ်များတယ်။ ဆင်းရဲတဲ့လူတွေမှာ ဖြစ်တယ်။ ဖြစ်မှန်းလည်း မသိကြဘူး။ ခွေးရူးကြောင့် သေမှန်းလည်း မသိတဲ့အတွက် Report လုပ်တာနည်းနေတာလည်း ဒါဖြစ်နိုင်ခြေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဆီမှာ (၂၄၀)ဆိုတာ ကျွန်တော်တို့ရရှိတဲ့ အနည်းဆုံးစာရင်းဇယားဖြစ်ပြီးတော့ ဒီထက်ပိုပြီးတော့ သေနိုင်တဲ့အနေအထားရှိပါတယ်။

ဘာဖြစ်လို့ ကျွန်တော်တို့က ဒီမသိဘူးလဲ။ မသိဘူးလဲဆိုတာက လူတွေက၊ ပြည်သူလူထုကမသိဘဲနဲ့ Report မလုပ်တာတွေ ရှိနိုင်သလဲဆိုတော့ ခွေးရူးက အခုအများသိကြတဲ့ခွေးရူးရောဂါ ခုနလိုပေါ့နော် ခွေးရူးပြန်တဲ့လက္ခဏာတွေ၊ ရေဆိုရင်ကြောက်တယ်။ ရေလေးနဲ့ တောက်လိုက်ရင်တစ်ခါတည်း လည်ချောင်းထဲကအသံကြီးမြည်လာတယ်။ လေနဲ့မှုတ်ရင်လည်း မခံနိုင်ဘူး။ ယောက်ယက်ခတ်တယ်ဆိုတာတွေက အများသိတဲ့ရောဂါတွေပါ။ အဲဒါက (၆၀)၊ (၇၀)ရာခိုင်နှုန်းလောက်ပဲရှိပြီးတော့ အများမသိဘဲနဲ့ ကိုယ်တွေလက်တွေ တဖြည်းဖြည်းသေသွားတယ်။ အကြောသေတယ်။ သေပြီးတော့မှ အသက်ရှူ ရပ်ပြီး၊ သတိလစ်ပြီး သေတာက(၃၀)၊ (၄၀)ရာခိုင်နှုန်းလောက်ရှိတယ်။

အဲဒီတော့ ခုနလို ခွေးရူးပြန်တယ်ဆိုတာက ရပ်ကွက်ထဲက လူတကာ သိကြတဲ့ဟာမျိုးနဲ့ကတော့ သတင်းလာပို့ကြပြီး အားလုံးသေသွားတာကို (၂၄၀)အနေနဲ့ ကျွန်တော်တို့က စာရင်းမှတ်ထားပေမယ့် ခုနလို ကိုယ်တွေ၊ လက်တွေ သေသွားပြီးတော့၊ အကြောသေရောဂါလိုဖြစ်ပြီးတော့၊ နောက်ပိုင်း အသက်ရှူရပ်ပြီးတော့၊ သတိလစ်ပြီး အသက်ရှူရပ်သေတဲ့ကိစ္စတွေကျတော့ ကျွန်တော်တို့ သာမန်ပြည်သူလူထုအနေနဲ့သာမက ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ပါ တချို့ကိစ္စတွေမှာ ကျွန်တော်တို့က Misdiagnose ရောဂါနာမတွေတပ်တာ လွဲမှားတာဖြစ်နိုင်ပါတယ်။ ဒါကြောင့်လည်း တစ်ချက်ရှိပါတယ်။ နောက်တစ်ခုက Incubation Period ပါ။ ရောဂါလက္ခဏာပေါ်တဲ့အချိန်က နှစ်တွေကြာပါတယ်။ ဒီခုန(၁)ပတ်၊ (၂)ပတ်ကနေ နှစ်ပေါင်းများစွာ ကြာနိုင်တဲ့အတွက် ကျွန်တော်ကြားဖူး၊ ဖတ်ဖူးတာကတော့ ရှေးက မြန်မာကြီးများကတော့ သူတို့သမီးယောက်ျားပေးစားတော့မယ်ဆိုရင် ခွေးကိုက်ခံရဖူးတဲ့သူကို မပေးစားဘူးလို့ ကြားဖူးပါတယ်။

အဲဒီတော့ ဘယ်တော့ခွေးရူးထပြန်မယ်မှန်းမသိတော့ သမီးစိတ်မချရတော့ အဲဒီလိုမပေးစားကြတာတွေလည်းရှိတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီတော့ ခုနအနေအထားအရ ကြည့်လိုက်လို့ရှိရင် ဒီ(၂၄၀)သည် ကျွန်တော်တို့မှာ စာရင်းပေါက်တာ(၂၄၀)ပါ။ ဒီတောနယ်ဒေသလေးတွေမှာ မသိလိုက်ဘဲနဲ့သေသွားတဲ့ ခွေးရူးပြန်ဝေဒနာရှင် ရှိနိုင်ပါသေးတယ်ခင်ဗျ။ အဲဒီတော့ ဒီဆေးဝါးလိုအပ်ချက်အရပြောလို့ရှိရင်လည်း ခုနလိုပါပဲခင်ဗျ။ ဒီ (၂၄၀) အတွက်ကို ကျွန်တော်တို့ မနှစ်ကတုန်းက မြန်မာနိုင်ငံစက်မှုဝန်ကြီးဌာနကနေ ကျွန်တော်တို့ရရှိတဲ့ ခွေးရူးရောဂါကာကွယ်ဆေး (၁၇၄၅၆)လုံးကို ၂၀၁၀-၂၀၁၁ မှာရပြီးတော့၊ ၂၀၁၁-၂၀၁၂ မှာ (၁၆၇၂၅)လုံးရတဲ့အတွက် ဗိုက်ကို တစ်ယောက်(၁၄)လုံးထိုးမယ်။ ခုန (၂၄၀)အတွက်ကို လုံလောက်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ ကျွန်တော်တို့က ဒီဂဏန်းရဲ့နောက်ကွယ်မှာ ရှိနေတဲ့ပြဿနာက ဒီထက်ပိုပြီးတော့ ကျယ်ပြန့်တဲ့သဘောရှိပါတယ်။

ခွေးရူးကို ခွေးရူးမှန်းသိလို့ ဆေးလာထိုးတဲ့လူတွေအတွက်တော့ လုံလောက်မှာဖြစ်ပေမယ့် သာမန်ခွေးကိုက်တာကို ဒါမလိုပါဘူးထင်ပြီးတော့ မထိုးတဲ့သူတွေက သေတာများပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခွေးရူးဆေးထိုးပြီးတယ်ဆိုလို့ရှိရင်တော့ တော်ရုံတန်ရုံမသေနိုင်ပါဘူး။ ကျွန်တော်တို့ Post-exposure Prophylaxis ခေါ်ပါတယ်။ ခွေးရူးမပြန်သေးဘူး။ ခွေးကိုက်ခံရတယ်။ ဆေးထိုးတယ်။ ဒါဆိုရင် ကာကွယ်နိုင်တဲ့အလားအလာအများကြီးရှိပါတယ်။ ခွေးရူးပြန်ပြီးဆိုရင်တော့ ကမ္ဘာပေါ်မှာ ဒီနေ့အထိ အသက်ရှင်တယ်ဆိုတာ မှတ်တမ်းမှတ်ရာအရ (၁)ယောက်ပဲ ၂၀၀၆ ခုနှစ်က အမေရိကန်နိုင်ငံမှာ ရှိခဲ့ဖူးပါတယ်။ ဒါတောင်မှ ပညာရှင်များတကယ်ဟုတ်ရဲ့လားဆိုတာ ငြင်းခုံတဲ့အဆင့်မှာရှိပါတယ်။ အဲဒီတော့ ရာနှုန်းပြည့်သေဖို့ သေချာတဲ့ရောဂါထဲမှာ ခွေးရူးကပါနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ခွေးရူးကာကွယ်ဆေးကို မြန်မာပြည်မှာ ဘယ်လိုလူတွေကို ထိုးရမလဲဆိုရင်၊ ဘယ်လိုခွေးတွေထိုးရမလဲ၊ ဘယ်လို ခွေးကိုက်ရင် ထိုးရမလဲဆိုရင်၊ ကျွန်တော်တို့နိုင်ငံမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတာက ကျွန်တော်တို့အပါအဝင် အရှေ့တောင်အာရှဒေသ၊ အာရှဒေသ၊ အာဖရိကဒေသ၊ အမေရိကမြောက်ပိုင်း ဒီလိုဒေသတွေအားလုံးက Endemic ဒေသလို့ ဒီလိုသတ်မှတ်ထားတဲ့အတွက် ဘယ်ခွေးကိုက်ကိုက် ထိုးရပါတယ်ခင်ဗျ။ ငါ့အိမ်က ခွေးလေးကာကွယ်ဆေးထိုးထားတာပဲဆိုပြီးတော့ ယုံကြည်စိတ်ချလို့မရပါဘူး။ ခွေးကိုက်ခံရတဲ့အတွက် လူကိုခွေးရူးဆေးထိုးခြင်းသည် ခွေးကိုကာကွယ်ထားခြင်း၊ ကာကွယ်မထားခြင်းအပေါ်မှာ တစ်ခုတည်းကြည့်ပြီးတော့ ဆုံးဖြတ်လို့မရပါဘူး။ ခွေးကိုကာကွယ်ထားလည်း ကာကွယ်ဆေးထိုးထားတဲ့ ခွေးကိုက်လည်း လူကိုကာကွယ်ဆေးထိုးရမှာပါပဲခင်ဗျ။

စာမျက်နှာ ၆ သို့

ပြင်ဆင်ဖတ်ရှုပါရန်

နေပြည်တော် ဇန်နဝါရီ ၂၆

၂၆-၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅ ပါ "လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြုပြင်ပြောင်းလဲမှု (၅) ရပ်ဖြင့် ဆောင်ရွက်ပေးနေ" တွေ့ဆုံမေးမြန်း သတင်းဆောင်းပါးပုံစာတွင် ဦးကျော်လွင်လ/ထညွှန်မှူး စိုက်ပျိုးရေးဦးစီးဌာနအစား ဦးကျော်လွင် ဒုတိယညွှန်ကြားရေးမှူး စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(မြန်မာ့အလင်း)**

ရှာဖွေဖော်ထုတ်ရေးရာ ကဏ္ဍ

စာမျက်နှာ ၅ မှ

ခွေးရူးပြန်လက္ခဏာတွေ ပေါ်ပြီးဆိုလို့ရှိရင်တော့ အဲခုနက ကျွန်တော်တို့ BPI က MPF က ထုတ်လုပ်နေတဲ့ ဒီကာကွယ်ဆေးထိုးလို့မရပါဘူး။ သူက ကာကွယ်လို့ မရတော့ဘူး။ သူကပြန်နေပြီ။ ခွေးရူးပြန်နေပြီဆိုရင်တော့ ကျွန်တော်တို့က Immune Globulin ထိုးရပါတယ်ခင်ဗျ။ အဲဒါကလည်း (၃)၊(၄)သိန်းတန်ကျတယ်။ ဒါပေမဲ့ Immune Globulin ထိုးတဲ့ဟာတောင်မှ ဒါမသေချာပါဘူး။

နောက် ဘာခွေးကိုက်မှန်း မသိတဲ့အချိန်တွေမှာ ဆေးထိုးတဲ့အခါ ကျွန်တော်တို့က ကာကွယ်ဆေးထိုးလို့ရပေမယ့် ခွေးရူးမှန်းသိရင်တော့ ကာကွယ်ဆေးတစ်ခုတည်းနဲ့ မလုံလောက်ဘဲနဲ့ ကုသတဲ့ ခုန Immune Globulin ကိုပါ ကျွန်တော်တို့ ထိုးရတာဖြစ်ပါတယ်။ နောက်အရေးကြီးတဲ့အချက်တစ်ခုက ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်လုပ်ဆောင်သွားမယ့်အချက်ကတော့ ဒီခုန ထုတ်နေတဲ့ (၁၆၀၀၀) ကျော်၊ (၁၇၀၀၀)ကျော် ခွေးရူးကာကွယ်ဆေးတွေသည် ကျွန်တော်တို့ Nerve Tissue Vaccine လို့ခေါ်ပါတယ်။ သိုးရဲ့ဦးနှောက်ကို အခြေခံပြီးတော့ထုတ်ထားတဲ့ Vaccine ဖြစ်ပါတယ်။

အခုအချိန်မှာ သိုးဦးနှောက်ကို အခြေခံပြီးတော့ ထုတ်တဲ့ဆေးထက်ကို ပိုမိုအာနိသင်ထက်မြက်ပြီးတော့ ပိုမိုဘေးအန္တရာယ်ကင်းတဲ့ Cell Culture Vaccine ဆိုတာတွေပေါ်နေပြီးဖြစ်ပါတယ်။ CCV လို့ခေါ်ပါတယ်။ ဒီ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့က ဒီသိုးရဲ့ဦးနှောက်ကို အခြေခံပြီးထုတ်တဲ့ဆေးက သူကိုယ်တိုင်ကကို ဦးနှောက်အာရုံကြောရောဂါကို ဖြစ်စေနိုင်တယ်။ ရာခိုင်နှုန်းတော့ နည်းတယ်ပေါ့လေ။ ဖြစ်စေနိုင်တာရှိတဲ့အတွက်ကြောင့် မို့လို့ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ Phase Out လုပ်သွားပြီးတော့ ကျွန်တော်တို့ဟာ Cell Culture Vaccine လို့ခေါ်တဲ့ ဒီကြက်ကနေ၊ ဘဲကနေ PDEV တို့၊ PCEC တို့ အတိုခေါ်တဲ့ဟာတွေရှိပါတယ်။ ဒီကြက်ရဲ့ သန္ဓေကနေ၊ ဘဲရဲ့သန္ဓေကနေ ထုတ်တဲ့ဒီဆေးတွေဟာ ကျယ်ကျယ်ပြန့်ပြန့်သုံးလာပြီ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အရှေ့ဘက်ပိုင်းမှာ ကျွန်တော်တို့အပါအဝင် (၂)နိုင်ငံလောက်ပဲ Sheep Brain ကနေထုတ်တဲ့Vaccine ကိုသုံးနေတယ်။ ကျန်တဲ့နိုင်ငံတွေဟာ ခုန Cell Culture Vaccine ပြောင်းလဲအသုံးချနေပြီ၊ အသုံးပြုနေကြပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း မကြာမတင်သော ကာလတွေမှာ စီမံချက်ချပြီးတော့ တဖြည်းဖြည်းနဲ့ Sheep Brain ကို Phase Out လုပ်သွားပြီးတော့ Cell Culture Vaccine တွေကို ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်း အဲဒီအချိန်အခါကျတော့ရှိရင်တော့ ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့လည်း ပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။

ကျွန်တော်တို့က အခုအချိန်မှာ ခွေးအားလုံးကို ကာကွယ်ဆေးထိုးပြီးတော့ အမေရိကန်မှာလို အိမ်ခွေးအားလုံးကို ကာကွယ်ဆေးထိုးလိုက်တော့ အမေရိကားမှာ အခုအချိန်မှာ ခွေးကနေကူးစက်တာ သိပ်မရှိတော့ဘဲနဲ့ အဲဒီ Vampire Bats တွေပေါ့နော်။ လင်းနို့တွေက ကူးတာတွေဟာ အများဆုံး ဖြစ်နေတယ်။ ကြောင်ကလည်း ဒီလိုပဲ ကြောင်ကုတ်ရင်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက ကြည့်ရတဲ့ Rabies ဆိုတဲ့ရုပ်ရှင်ထဲမှာဆိုလို့ရှိရင် ဒါဟာကြောင်ကုတ်ပြီးတော့ ဖြစ်သွားတဲ့ ကိစ္စဖြစ်ပါတယ်။ ဆိုတော့ အဲဒီတော့ အားလုံးကို ထိုးဖို့ နေနေသာသာ အခုအချိန်မှာတော့ ကာကွယ်ဆေး မထိုးနိုင်သေးတဲ့အတွက် ကျွန်တော်တို့ဟာ ခွေးလေ၊ ခွေးလွင့်တွေကို ရှင်းလင်းသုတ်သင်ခြင်းဟာ ခွေးရူးရောဂါကို ကာကွယ်တဲ့နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများက အင်မတန်ကြင်နာသနားတတ်တဲ့အတွက် စည်ပင်ကအမဲတိုးပစ်တော့မယ်ပေ့ဆိုရင် ခွေးတွေကို ဘုန်းကြီးကျောင်းထဲ သွားဖွက်ပါတယ်။ ဘုန်းကြီးကျောင်းထဲ သွားဖွက်တဲ့အတွက်ကြောင့်မို့လို့ ခွေးများအသက်ရှင်ပါတယ်။

ဒါပေမဲ့ ဒီအသက်ရှင်တဲ့ခွေးတွေက သေသေချာချာ စနစ်တကျနဲ့ ကာကွယ်ဆေးထိုးပြီးတော့ စောင့်ကြည့်နေတဲ့ ခွေးတွေမဟုတ်တဲ့အတွက် သူတို့က တစ်ခါခွေးရူးပြန်ပြီး ကိုက်လို့ လူတွေကိုယ့်ရှေ့မှာ လူတစ်ယောက် ခွေးရူးပြန်ပြီးသေသွားတာကို မတွေ့လိုက်ရဘူးတဲ့ လူတော်တော်များများသည် ခွေးများကို ကယ်တင်ချင်စိတ်ရှိနေပြီးတော့ လူများကိုကယ်တင်လိုစိတ်မရှိ၊ ဗဟုသုတနည်းတဲ့ သဘောဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့က လွှတ်တော်ကိုယ်စားလှယ်ကြီးများရော၊ ကျွန်တော်တို့ ကျန်းမာရေးဌာနအပါအဝင် လူထုလူတန်းစားအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေအားလုံးဟာ ခွေးရူးပညာပေးလုပ်ငန်းကိုလည်း ဒီထက်မက ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားပြီးတော့၊ ဒီအထူးသဖြင့် ကလေးတွေ၊ ဒီအသားတွေ ကိုင်တွယ်တဲ့ ပုဂ္ဂိုလ်တွေ၊ တိရစ္ဆာန်တွေမွေးရတဲ့ပုဂ္ဂိုလ်တွေမှာ ကျွန်တော်တို့က မဖြစ်ခင်ကာကွယ်တဲ့ဆေးထိုးလို့ရတယ်။ ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးပြီးထိုးသွားကြရမှာဖြစ်ပါတယ်။ ဒီလောက်နဲ့ပဲ ကျွန်တော်ရဲ့ ပထမအဖြေကို နိဂုံးချုပ်ခွင့်ပြုပါခင်ဗျား။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ-ချက် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ချက်သမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H.E. Mr. Martin Kuba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနှင့် ချက်သမ္မတနိုင်ငံတို့သည် ရှေးယခင်ကတည်းက ကောင်းမွန်သော ဆက်ဆံမှုများရှိခဲ့ကြောင်း၊ သို့ရာတွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အလွန်နည်းပါးလျက်ရှိပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု မြင့်တင်ရန် အလားအလာကောင်းများစွာရှိပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု မြင့်တင်ရန် အစိုးရကဏ္ဍအချင်းချင်း၊ ပုဂ္ဂလိကကဏ္ဍအချင်းချင်း၊ ကုန်သည်အသင်းအဖွဲ့အချင်းချင်း ယခုထက်ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ချက်သမ္မတနိုင်ငံ၏ ဖွံ့ဖြိုးမှု အတွေ့အကြုံများကိုလည်း မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ချက်သမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးကလည်း နှစ်နိုင်ငံဆက်ဆံမှု ပိုမိုမြင့်တင်ရန် ပူးတွဲကော်မတီဖွဲ့စည်းရေး၊ စွမ်းအားစုထူထောင်ရေး၊ သင်တန်းဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံမှ သင်တန်းသားများ ဖိတ်ကြားရေး၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ လာရောက်ဆောင်ရွက်ရေးတို့ကို ပြောကြားသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ချက်သမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ထိုင်း အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ထိုင်းနိုင်ငံ Bangkok Bank Public Co; Senior Executive Vice-President, Mr.Virasak Suthanthavibul ဦးဆောင်၍ ထိုင်းစီးပွားရေးလုပ်ငန်းရှင် ၇၀ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးအတွက် ဇန်နဝါရီ ၂၉ ရက်မှ ၃၀ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ကြမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေး

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ဘဏ်လုပ်ငန်း၊ စားသောက်ကုန်နှင့် အေးခဲပင်လယ်စာ အမျိုးမျိုးလုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ တိရစ္ဆာန်အစားအစာလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ရေစုပ်စက်လုပ်ငန်း၊ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်း၊ စတီးလ်လုပ်ငန်း၊ အိတ်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံး ဓာတုဗေဒပစ္စည်းလုပ်ငန်း၊ ဓာတ်မြေဩဇာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ မော်တော်ယာဉ် အပိုပစ္စည်းလုပ်ငန်း၊ ပုံနှိပ်လုပ်ငန်း၊ ဖိနပ်အမျိုးမျိုး၊ အလှကုန်ပစ္စည်းများ၊ စားအုန်းဆီလုပ်ငန်း၊ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း၊ ကွန်ပျူတာလုပ်ငန်း၊ စက်သုံးဆီလုပ်ငန်းများကို မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဇန်နဝါရီ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။

(အောင်သူရ)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

နိုင်ငံရေးဆောင်းပါး

သူ့အတွေး သူ့အမြင်

ယုံကြည်စိတ်ချရသောပြုပြင်ပြောင်းလဲရေး

မင်းမထူး

(ဇန်နဝါရီ ၂၀ ရက်မှ အဆက်)

တောင်အာရှဒေသ နိုင်ငံတချို့၏နမူနာ

တောင်အာရှဒေသ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပုံမှန်အကျပ်ရိုက်စေတဲ့ကိစ္စဟာ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများမှာ ကျွမ်းကျင်လိမ္မာမှု၊ သမာသမတ်ကျမှု လျော့နည်းခြင်းနဲ့ စီမံကိန်းများ အရည်အချင်းပြည့်မီစွာ အကောင်အထည်ဖော်နိုင်မှု အားနည်းခြင်းတို့ဖြစ်ပါတယ်။ အဲဒီအရင်းခံအကြောင်းတရားတွေကြောင့် နိုင်ငံရေးမတည်ငြိမ်မှု၊ အကြမ်းဖက်မှု၊ အစွန်းရောက်အဖွဲ့များ ထွက်ပေါ်လာမှုနဲ့ အစိုးရများအပေါ် ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချရမှု ကျဆင်းမှုတို့ဖြစ်စေပါတယ်။ အစိုးရများဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေး၊ ပါဝင်နိုင်ခွင့်ရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့ လုံခြုံရေးဆိုတဲ့ အခြေခံအုတ်မြစ် လေးချပ်အပေါ်မူတည်ပြီး ယုံကြည်စိတ်ချရမှုရရှိအောင် တည်ဆောက်နေကြတာကို တွေ့ရပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ အခြားသောဖွံ့ဖြိုးဆဲဒေသများမှာလိုပဲ တောင်အာရှဒေသနိုင်ငံတွေမှာလည်း အစိုးရများအပေါ် ယုံကြည်စိတ်ချရမှု ကျဆင်းခဲ့ကြပါတယ်။ ၂၀၀၅ ခုနှစ်မှာ ပညာရှင်အချို့ ကောက်ယူတွေ့ရှိချက်အရ နိုင်ငံရေးပါတီများအပေါ်နဲ့ ရဲတပ်ဖွဲ့အပေါ်မှာ ယုံကြည်စိတ်ချရမှုအဆင့် နိမ့်ကျတာကို တွေ့ရှိရပါတယ်။ သမိုင်းနောက်ခံနဲ့ စစ်ဆေးသုံးသပ်ကြည့်တဲ့အခါ အဲဒီလိုအခြေအနေကို ရောက်ရှိခဲ့ရတာဟာ ပြည်တွင်း၊ ပြည်ပဖိအားများကို ထိရောက်တဲ့ အုပ်ချုပ်ရေးစနစ်ဖြင့် မတုံ့ပြန်နိုင်ခဲ့ခြင်းနဲ့ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုရဲ့ စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်တဲ့ အစီအစဉ်မရှိသေးတာကြောင့် ဖြစ်တယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဆိုဗီယက်ပြည်ထောင်စု ပြိုလဲခြင်းနဲ့ ကမ္ဘာလွှမ်းခြုံမှုစံနမူနာပုံစံ ရွေ့လျားလာခြင်းတို့ဟာ ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအပေါ် အကြီးအကျယ် သက်ရောက်မှု ရှိစေပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဒီအရွေ့ကို အခက်အခဲအနည်းငယ်နဲ့ ဆီလျော်ညီညွတ်အောင် ညှိပေးနိုင်ကြပေမယ့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ ကမ္ဘာလွှမ်းခြုံမှုအားကို ခံနိုင်ရည်ရှိမရှိ စမ်းသပ်စစ်ဆေးခြင်း ခံကြရပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အုပ်ချုပ်ရေးအပိုင်းမှာ ဖြစ်ပေါ်နေတဲ့အခြေအနေရဲ့ ဆွဲငင်အားကိုလိုက်ပြီး အကျပ်အတည်းတစ်စိတ်တစ်ပိုင်း ရင်ဆိုင်နေရတဲ့နိုင်ငံများ၊ သတိပေးခေါင်းလောင်းထိုးခံနေရတဲ့ နိုင်ငံများနဲ့ဗွေဖောက်ခြင်း သို့မဟုတ် ဆုံးရှုံးခြင်း ခံနေရတဲ့ နိုင်ငံများဆိုပြီး ခွဲခြားရှုမြင်လာကြပါတယ်။

စစ်အေးကာလအတွင်းက အစိုးရများဟာ လူမှုစီးပွားရေး၊ လူနည်းစုရေး၊ ဒေသအရေး၊ ဘာသာရေးစတဲ့ ပြဿနာတွေကို ဖုံးအုပ်ထားနိုင်ခဲ့ကြပေမယ့် စစ်အေးပြီးဆုံးသွားတဲ့အခါ အဲဒီဖိသိပ် သိမ်းဆည်းထားတဲ့ ကိစ္စများဟာ ရံဖန်ရံခါ အကြမ်းပတမ်းအခြေအနေများနဲ့ အတူပေါက်ကွဲထွက်ပေါ်လာပါတော့တယ်။ ပြည်တွင်းမှာ အဲဒီလို အကျပ်အတည်းပေါင်းစုံနက်ရှိုင်းစွာ ပေါ်ပေါက်နေတုန်း ကမ္ဘာလွှမ်းခြုံမှု စံနမူနာပုံစံကလည်း ကြီးမားတဲ့အရွေ့အတွက် တောင်းဆိုချက်ဖြစ်လာတဲ့အခါ ဖွံ့ဖြိုးဆဲနိုင်ငံများက အစိုးရတွေဟာ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနဲ့ စည်းမျဉ်း စည်းကမ်းများဖြေလျှော့ပေးခြင်းစတဲ့ နည်းလမ်းများပါဝင်တဲ့အစီအစဉ်သစ်ကို လက်ခံလာကြရပါတယ်။ လူထုအဖွဲ့အစည်းများကို လမ်းဖွင့်ပေးရပါတယ်။ ဒီမိုကရေစီဖော်ဆောင်မှုဆီသို့လည်း တွန်းပို့ခြင်းခံကြရပါတယ်။ မဟာဗျူဟာ အသစ်ဖြစ်တဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ ပုဂ္ဂလိကအစိုးရလက်တွဲလုပ်ခြင်း သို့မဟုတ် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဖက်စပ်ပြုလုပ်ခြင်းတို့ဟာ အစိုးရများ ထမ်းထားရတဲ့ ဝန်ထုပ်ဝန်ပိုးများကို ဖြုတ်ချနိုင်ခဲ့တဲ့အတွက် သက်သာမှုရရှိပေမယ့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ ပုဂ္ဂလိကအပိုင်းက အင်အားနည်းခြင်း အတွေ့အကြုံမရှိခြင်းတို့ကြောင့် အဲဒီဝန်ထုပ်ဖြုတ်ချရေးလုပ်ငန်းစဉ်ဟာ ရှင်းလင်းလွယ်ကူစွာ ဖြစ်ထွန်းလာခဲ့တာတော့ မဟုတ်ပါဘူး။

မွေးကင်းစအရွယ်မှာ ရှိနေသေးတဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ လူထုအဖွဲ့အစည်းတို့ဟာ လျင်မြန်တဲ့ ပြောင်းလဲမှုနဲ့ လိုက်လျောညီထွေ နိုင်နိုင်နင်းနင်း လုပ်ကိုင်ဖို့ အခက်အခဲရှိနေခဲ့ကြပါတယ်။ အများပြည်သူ အကျိုးအတွက် ရည်ရွယ်တဲ့ အကြောင်းတရားနဲ့ ပုဂ္ဂလိကအကျိုးအတွက် ရည်ရွယ်တဲ့ အကြောင်းတရားတို့အကြား ဖြစ်ပေါ်လာတဲ့ ရှုပ်ထွေးမှုများကလည်း အစိုးရများရဲ့ ဂုဏ်သိက္ခာကျဆင်းမှုကို ဖြစ်လာစေနိုင်ပါတယ်။ အကျပ်အတည်းကို နောက်ထပ်တိုးပွားလာစေတဲ့အချက်ကတော့ ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်စွမ်း ရှိ/မရှိ ဆိုတာပဲဖြစ်ပါတယ်။ သန့်ရှင်းသော သောက်သုံးရေ၊ အစားအစာ၊ အမိုးအကာ၊ လျှပ်စစ်၊ လုံခြုံရေး အစရှိတာတွေအတွက် အစိုးရရဲ့ ဖြည့်ဆည်းပေးနိုင်မှုဟာ လူထုရဲ့တောင်းဆိုမှု လျင်မြန်စွာကြီးထွားလာသည်နှင့်အမျှ ဆုတ်ယုတ်လျော့ပါးလာလေ့ရှိပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်များအတွင်း ဆင်းရဲနွမ်းပါးမှုအဆင့် လျင်မြန်စွာကြီးထွားလာခဲ့ခြင်းကလည်း အဓိကပြဿနာတစ်ခုဖြစ်ပါတယ်။ အထက်ပါခက်ခဲတဲ့ အခြေအနေများဟာ အသွင်ကူးပြောင်းရေးကာလအတွင်း ပေါ်ပေါက်လာမြဲဖြစ်တဲ့ ပြဿနာများရဲ့ အကြောင်းရင်းများ ဖြစ်ကြပါတယ်။ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လိုက်လို့ အဲဒီပြဿနာများဟာ လုံးဝရပ်စဲသွားတယ်လို့ မရှိပါဘူး။ တစ်မျိုးပြီး တစ်မျိုးပေါ်ပေါက်နေကြတာချည်းပဲဖြစ်ပါတယ်။ တောင်အာရှဒေသရဲ့ အတိတ်ကပြောပြတာကတော့ ဒီမိုကရေစီဆိုတာ စိန်ပြေးတမ်းကစားသလိုဖြစ်တယ်လို့ ဆိုကြပါတယ်။ သူ့ဘာသာသူ ရှင်သန်နိုင်တဲ့ ဒီမိုကရေစီရဲ့အကျိုးစီးပွားအတွက် ဇက်ကြိုးကိုင်သူများအချင်းချင်း သဟဇာတဖြစ်အောင် ဦးစားပေးလုပ်ဖို့က ပိုအရေးကြီးတယ်လို့ ထင်ရပါတယ်။

အုပ်ချုပ်ရေးကျင့်စဉ်

ကောင်းမွန်တဲ့ အုပ်ချုပ်ရေးမှာ အင်္ဂါရပ်ရှစ်ချက်ရှိကြောင်း ကုလသမဂ္ဂရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ပါဝင်ခွင့်ရှိခြင်း၊ အများဆန္ဒရှေးရှုခြင်း၊ တာဝန်ခံမှုရှိခြင်း၊ ထင်သာမြင်သာရှိခြင်း၊ တုံ့ပြန်မှုရှိခြင်း၊ ထိရောက်မှုနှင့် စွမ်းရည်ရှိခြင်း၊ မျှတခြင်းနဲ့ အပါအဝင်ဖြစ်ခြင်း၊ တရားဥပဒေစိုးမိုးမှုရှိခြင်းတို့ဖြစ်ပါတယ်။ ဒီအချက်များကို အကောင်အထည်ဖော်ခြင်းဖြင့်အကျင့်ပျက်ခြစားမှုကို အနည်းဆုံးဖြစ်စေခြင်း၊ လူနည်းစုရဲ့ အမြင်များကို ထည့်သွင်းစဉ်းစားခြင်းနဲ့ လူ့အဖွဲ့အစည်းအတွင်းက အားအနည်းဆုံး ပုဂ္ဂိုလ်များရဲ့ အသံများကို ကြားသိရခြင်းစတဲ့အကျိုးသက်ရောက်မှုများကို ရရှိနိုင်ပါတယ်။

အဲဒီကိစ္စတွေကို ဆောင်ရွက်ရာမှာ အစိုးရများဟာ တစ်သီးတစ်သန့် လွတ်လွတ်လပ်လပ်ဆောင်ရွက်ရခြင်းတော့ မဟုတ်ပါဘူး။ တစ်ချိန်တည်းတစ်ပြိုင်တည်း ဖြစ်ပေါ်နေတဲ့ ကမ္ဘာလွှမ်းခြုံမှုဆိုင်ရာ ဖြစ်စဉ်များ၊ သတင်းမီဒီယာဆိုင်ရာကိစ္စများ၊ အကြမ်းဖက်မှုများ၊ လူတို့ရဲ့ ရှင်သန်နိုင်မှုအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးကိစ္စများ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ဆိုင်ရာကိစ္စရပ်များ အစရှိတဲ့ ကိစ္စတွေနဲ့အတူ အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးနေရခြင်းဖြစ်ပါတယ်။ အဲဒီကိစ္စများကို အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်းဟာ အစိုးရများအတွက် ယုံကြည်စိတ်ချရမှု တည်ဆောက်ရာမှာ အကြီးအကျယ် အထောက်အကူဖြစ်စေပါတယ်။

၂၀၀၆ ခုနှစ်မှာ တင်သွင်းခဲ့တဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာတစ်ခုမှာ ဖော်ပြထားတာကတော့ တောင်အာရှဒေသမှ နိုင်ငံများရင်ဆိုင်နေရတဲ့ အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာများဟာတစ်ပုံစံတည်း ထပ်ခါတလဲလဲဖြစ်နေကြတယ်လို့ ဆိုပါတယ်။ အရင်းအမြစ်လုံလောက်မှု မရှိခြင်း၊ ပန်းတိုင်နိမ့်ကျခြင်း၊ အကျိုးကျေးဇူးခံစားရရှိရေးတွင် နိုင်ငံရေးအရဝင်ရောက် စွက်ဖက်မှု အကြီးအကျယ်ရှိခြင်း၊ ထင်သာမြင်သာမရှိခြင်းနဲ့ အကျင့်ပျက်ခြစားခြင်းတို့ကြောင့် ယိုဖိတ်မှုများခြင်း၊ အုပ်ချုပ်ရေးဌာနများရဲ့ စွမ်းဆောင်ရည်အားနည်းခြင်း၊ စောင့်ကြပ်ကြည့်ရှုမှုနဲ့ အကဲဖြတ်မှု ယန္တရားချို့တဲ့ခြင်းစသည်တို့ဖြစ်ပါတယ်။ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ မညီမျှမှုများ အမြစ်စွဲနေတဲ့အပြင် အုပ်ချုပ်ရေးအပိုင်းကလည်း အထက်ပါ အားနည်းချက်များ တင်းကြမ်းဖြစ်နေတဲ့အခါ ဆင်းရဲသူများက ချမ်းသာသူများထက်ပိုပြီး အထိနာခဲ့ကြရပါတယ်။

ပါဝင်နိုင်ခွင့်ရှိခြင်း

ပါဝင်ခွင့်ရှိခြင်းကိစ္စဟာ ပြည်သူလူထုနဲ့ နိုင်ငံရေးစနစ်အကြား ကွင်းဆက်တစ်ခုဖြစ်တဲ့အတွက် များစွာအရေးကြီးပါတယ်။ နိုင်ငံရေးစနစ်တစ်ခုရဲ့ ဂုဏ်သိက္ခာရှိမှုနဲ့ တရားဝင်မှုဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲယန္တရားရဲ့ လုပ်ရှားဆောင်ရွက်ချက်များအပေါ်မှာ တည်ပါတယ်။ ပြည်သူလူထုရဲ့မျှော်လင့်ချက်နဲ့ အခွင့်အာဏာရှိမှုဟာ အစိုးရတစ်ရပ်ကိုပင်လျှင် လုံလောက်သောအရည်အချင်းမရှိပါက ပြောင်းလဲပစ်နိုင်တယ်လို့ ခံစားမှုဖြစ်ပေါ်စေပါတယ်။ ရွေးကောက်ပွဲလှုပ်ရှားမှုတွေကတစ်ဆင့် အဲဒီလိုပါဝင်နိုင်ခွင့်ရှိတဲ့ နိုင်ငံရေးစနစ်ဟာ အိန္ဒိယနိုင်ငံမှာ အခြေခံအဆောက်အအုံခိုင်မာစွာ တည်ရှိနေပါတယ်။ သမိုင်းနောက်ခံ တူညီခဲ့ကြပေမယ့်လည်း ပါကစ္စတန်ရဲ့ နိုင်ငံရေးလမ်းစဉ်များနဲ့ ကွဲပြားခြားနားစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ ပါကစ္စတန်တွင် ပါလီမန်စနစ်၊ သမ္မတအုပ်ချုပ်ရေးစနစ်၊ စစ်အုပ်ချုပ်ရေးစနစ်တို့ကို ဖြတ်သန်းလာခဲ့ပြီးနောက် ယခုအခါသမ္မတနဲ့ ပါလီမန်ရောစပ်တဲ့ပုံစံတွင် သမ္မတက အာဏာချိန်ခွင်လျှာ အားသာတဲ့စနစ်အဖြစ်ရပ်တည်နေပါတယ်။ တည်ငြိမ်ရင့်ကျက်တဲ့ ဒီမိုကရေစီဖြစ်ဖို့ အချိန်ယူရဦးမှာ ဖြစ်ပါတယ်။ လက်နက်ကိုင်တိုက်ပွဲများ ဖြတ်သန်းလာရစေကာမူ ဒေသအတွင်း စာတတ်မြောက်မှုအမြင့်ဆုံး ၉၆ ရာခိုင်နှုန်းရှိတဲ့ သီရိလင်္ကာတွင် ရွေးကောက်ပွဲများကို အချိန်မှန်လုပ်ပေးနိုင်ခြင်း၊ ပါလီမန်နိုင်ငံရေးစနစ် ရှင်သန်နေခြင်းတို့ကြောင့် ပါဝင်နိုင်ခွင့်ရှိမှု အခြေခံရလာနိုင်တယ်လို့ ယူဆရပါတယ်။ နီပေါနဲ့ ဘင်္ဂလားဒေ့ရှ်တို့မှာလည်း ပါတီစုံနိုင်ငံရေးစနစ်နဲ့ တည်ငြိမ်မှုရရှိလာစပြုပြီလို့ ဆိုနိုင်ပါတယ်။

ပါဝင်နိုင်ခွင့်ရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့ လုံခြုံရေးဆိုတဲ့အကြောင်းတရားတွေမှာ အားပြိုင်မှုများရှိနေကြတဲ့အတွက် တောင်အာရှဒေသမှာ အစိုးရများအပေါ် ယုံကြည်စိတ်ချရမှု အားနည်းခြင်းဟာ တစ်စုံတစ်ရာသောအတိုင်းအတာအထိ ဖြစ်ပေါ်နေပါတယ်။ ကိုလိုနီခေတ်လွန်ကာလကတည်းက အထိုက်အလျောက်ကြီးမားတဲ့ စိန်ခေါ်မှုများနဲ့ ကမ္ဘာလွှမ်းခြုံမှု ဖိအားများဒဏ်ကိုရောထွေးယှက်တင်ခံနေရခြင်း၊ လုံခြုံရေးဆိုင်ရာ ပြဿနာများတာရှည်ဖြစ်ပေါ်နေခြင်းတို့ကြောင့် ဒီဒေသဟာ ကောင်းမွန်သော အုပ်ချုပ်ရေးရဲ့ စံနမူနာပြပုံစံ ဖြစ်မလာသေးတာဟာ အံ့သြစရာတော့ မဟုတ်ပါဘူး။

(Source: Building trust in Government in South Asia, contributor-Sajjad Naseer)

(အပတ်စဉ် ဆက်လက်ဖော်ပြပါမည်)

မေဒါလက်မှုပစ္စည်းများဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်

ပေဒါရိုးဖြင့် ပြုလုပ်ထားသော လူ့အသုံးအဆောင်ပစ္စည်းများ။

ရန်ကုန် ဇန်နဝါရီ ၂၆

တိရစ္ဆာန်အစာအဖြစ် အသုံးပြုခဲ့သော ပေဒါပင်သည် ယနေ့ အချိန်တွင် မြန်မာတို့၏ လက်မှုအတတ်ပညာနှင့် စိတ်ကူးဉာဏ် ပေါင်းစပ်လိုက်သောအခါ လူ့အသုံးအဆောင်ပစ္စည်းမျိုးစုံပုံစံဖြင့် အစားထိုးနေရာယူလာသည်။

ပေဒါရိုးကိုကျစ်၍ ကြိမ်ဖြင့်ရက်လုပ်ထားသော ဆက်တီခုံ၊ ထမင်းစားပွဲခုံ၊ ပန်းအိုး၊ ခွက်၊ ဖျာ၊ ပန်းချီကားပေါင်း၊ မီးအုပ်ဆောင်း၊ လိုက်ကာများသည် သစ်၊ ကြိမ်ဖြင့်ပြုလုပ်သောပစ္စည်းများနည်းတူ ခိုင်ခံ့လှပပြီး ဆွဲဆောင်မှုရှိသောကြောင့် ပြည်တွင်းမှသည် ပြည်ပဈေးကွက်အထိ ထိုးဖောက်ကာ လူကြိုက်များလာပြီဖြစ်သည်။

ပေဒါပင်များသည် မြန်မာနိုင်ငံအနှံ့ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများတွင် သဘာဝအတိုင်း အလေ့ကျပေါက်ရောက်သဖြင့် ကုန်ကြမ်းအလွယ်တကူ ရရှိနိုင်သည်။ အရင်းအနှီးနည်းနည်းဖြင့် စီးပွားဖြစ်လုပ်ကိုင်နိုင်သောလုပ်ငန်းတစ်ခု ဖြစ်သည်။

ပေဒါရိုးဖြင့် လူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ပြီး ထုတ်လုပ်မှုနည်းပညာသင်တန်း ပေးနေသည့် လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးချိုင်းက "ပေဒါရိုးနဲ့ လုပ်ထားသည့် လက်မှုပစ္စည်းများဟာ အနုပညာမြောက်တဲ့အတွက် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစား ဝယ်ယူကြတယ်။ ပေဒါပင်မှ ပေဒါရိုးကို စိတ်ကူးဉာဏ်ရှိရင် ရှိသလိုလက်မှုပစ္စည်းများ တီထွင်ထုတ်လုပ်ရောင်းချသွားမယ်ဆိုရင် နိုင်ငံခြားဝင်ငွေများ ရရှိလာနိုင်တယ်" ဟု ပြောပြသည်။

ပေဒါပင်မှ ထုတ်လုပ်သည့်မြန်မာ့လက်မှုအနုပညာပစ္စည်းများသည် မြန်မာတို့၏ လက်မှုအတတ်ပညာနှင့် စိတ်ကူးဉာဏ်တို့ကို ပေါင်းစပ်၍ ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်သည့် လက်မှုအနုပညာပစ္စည်းများဖြစ်လာပြီး နိုင်ငံခြားဝင်ငွေများ ရရှိလာတော့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

နေလင်း (သတင်းစဉ်)

ကြားညှပ်ကြော်ငြာများ စည်းကမ်းနှင့်အညီ ဆောင်ရွက်ရေးအသိပေး

နေပြည်တော် ဇန်နဝါရီ ၂၆

နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းစာဖတ်ပရိသတ်များအတွက် သတင်းကဏ္ဍများ တိုးမြှင့်ဖော်ပြပေးလျက်ရှိသကဲ့သို့ ကြော်ငြာရှင်များ၏ ဆန္ဒကိုဖြည့်ဆည်းပေးသည့်အနေဖြင့် ကြော်ငြာစာမျက်နှာများကိုလည်း တိုးမြှင့်ထည့်သွင်းပေးလျက်ရှိပါသည်။

ကြော်ငြာများကို တိုးမြှင့်ထည့်သွင်းပေးရာတွင် ပြင်ပပုဂ္ဂလိကကြော်ငြာကုမ္ပဏီများအတွက် သတ်မှတ်ချက်နှင့်အညီ တရားဝင်ကြားညှပ်ကြော်ငြာများအဖြစ် ဆိုင်ရာသတင်းစာများ၌ နေ့အလိုက်ထည့်သွင်းဖော်ပြပေးလျက်ရှိပါသည်။

ထိုသို့ဖော်ပြပေးရာတွင် သတင်းစာအဆင့်အတန်း မထိခိုက်စေရေးနှင့် သတင်းစာဖတ် မိဘပြည်သူတို့အား လေးစားသမှုရှိစေရေးအတွက် ပင်မသတင်းစာအရွယ်အစားနှင့် တူညီသည့်ကြော်ငြာလေးမျက်နှာဖြစ်ရေး၊ စက္ကူနှင့်ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်နေရာအလိုက် ဖြန့်ချိသော စောင်ရေအတိုင်းပါရှိရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတင်းစာပို့ဆောင်သူ အချို့မှတစ်ဆင့် အသိအမှတ်ပြုမထားသော အခြားကြော်ငြာ အရွယ်အစားအမျိုးမျိုးကို အခကြေးငွေယူ၍ သတင်းစာတွင် ကြားညှပ်ပြီး ဖြန့်ချိလျက်ရှိကြောင်း သိရှိရပါသည်။

ထိုသို့စည်းကမ်းနှင့်မညီညွတ်သော တရားမဝင်ကြားညှပ်ကြော်ငြာထည့်သွင်းဖြန့်ချိသော ကိစ္စရပ်များကို မပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(မြန်မာ့အလင်း)

ကြိုတင်သတိပေး နှိုးဆော်ချက်

ရိုးမရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးကို ၂၇-၁-၂၀၁၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် ကျင်းပမည်ဖြစ်ရာ နံနက် ၅ နာရီခွဲတွင် ပြည်သူ့ရင်ပြင်မှ စတင်တာလွှတ်မည်ဖြစ်ပြီး ပြည်လမ်းတစ်လျှောက် ခရေပင်လမ်းဆုံထိ၊ ခရေပင်လမ်းတစ်လျှောက်မှ အောက်မင်္ဂလာဒုံလမ်းဆုံထိ၊ အောက်မင်္ဂလာဒုံလမ်းမှ ဗဟိုလမ်း၊ လမ်းသစ်လမ်း၊ မင်းဓမ္မလမ်းမှ ပါရမီလမ်းထိ၊ ပါရမီလမ်းဆုံမှ ပြည်လမ်းသို့ဝင်ပြီး ပြည်လမ်းတစ်လျှောက် ပြည်သူ့ရင်ပြင်ရှေ့တွင် ပန်းဝင်မည့်နေရာ သတ်မှတ်ထားရာ နံနက် ၄ နာရီမှစတင်၍ ခေတ္တလမ်းပိတ်မည်ဖြစ်ပြီး လမ်းဖွင့်ခြင်းကို ပြေးလမ်းရှိ နောက်ဆုံးကစားသမားဖြတ်သန်းသည့် အချိန်ကာလပေါ်မူတည်၍ အပိုင်းလိုက်ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သပိတ်ကျင်းမြို့နယ် စပွါယ်နဂိုရ်ကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

▲ *ရှေ့ဖုံးမှ*

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါခဲ့ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့သို့ ရောက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည်သပိတ်ကျင်းမြို့တွင် ကမ္ဘာအေးကွက်သစ်မြေနေရာ ဖော်ထုတ်ထားမှုကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က မြို့ကွက်သစ် ဖော်ထုတ်ပြီးစီးမှု၊ ရေနှင့်လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ထားမှုကို လှည့်လည်ကြည့်ရှုပြီး နေအိမ်များကို ငလျင်ဒဏ်ခံနိုင်ရန်နှင့် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်ဆောက်လုပ်ပေးရန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အောင်မြင်သာကျောင်းတိုက်ရှိ သမိုင်းဝင်ဖောင်တော်ဦးနှင့် ဖောင်တော်ပဲ့ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုသည်။ ဆက်လက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးနေသည့် ဘုန်းတော်ကြီးကျောင်းများနှင့် အောင်စကြာစေတီတော်တို့ကို လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများအား တွေ့ဆုံအားပေးကာ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးသည့် လူနေအိမ်များကို လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် သပိတ်ကျင်းမြို့နယ် စပွါယ်နဂိုရ်ကျေးရွာသို့ ရောက်ရှိပြီး ငလျင်ကယ်ဆယ်ရေးစခန်း၌ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။

ထို့နောက် ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး ကျေးရွာမီးရရှိရေးအတွက် ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှု၊ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ကျောင်းဆောင်ဟောင်းကို ပြန်လည်ပြုပြင်ဆောက်လုပ်နေမှု၊ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ထားမှုနှင့် ကျေးရွာဆေးပေးခန်း ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အဆိုပါကျေးရွာရှိ သာသနိကအဆောက်အအုံများ၊ စာသင်ဆောင်များ၊ ဆေးပေးခန်းနှင့် လူနေအိမ်များကို Mother Trading Co.,Ltd. က ပြန်လည်ဆောက်လုပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ထိုမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် သီဟတောကျေးရွာအနီးရှိ သမိုင်းဝင်အညာသီဟတောဘုရားသို့ ရောက်ရှိကြရာ သီဟတောကျေးရွာနှင့်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများကကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် စေတီတော်ပျက်စီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် စေတီတော်ဂေါပကအဖွဲ့ဝင်များက စေတီတော်သမိုင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးထိခိုက်ခဲ့မှုနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပချိန်တွင် စေတီတော်ရှိ အညာသီဟတော ဗုဒ္ဓရုပ်ပွားတော်အား မန္တလေးမြို့မှ ပြန်လည်ပင့်ဆောင်အပူဇော်ခံမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက စေတီတော်ကြီးအား မိမိတို့အစိုးရအဖွဲ့က ပြန်လည်ပြုပြင်တည်ဆောက်ပေးမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ အညာသီဟတောစေတီတော် ပြန်လည်ပြုပြင်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကလည်း ငွေကျပ်သိန်း ၂၀၀ ထည့်ဝင်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် သီဟတောကျေးရွာရှိ ကိုးခန်းတန်ဆောင်း၌ ခေတ္တကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် အညာသီဟတောစေတီတော်မှ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲရှိ ရတနာသိင်္ယတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်သမ္မတအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ငလျင်ဒဏ်ကြောင့်ပြိုကျခဲ့သည့် တည်ဆောက်ဆဲတံတားသံပေါင်များအား ပြန်လည်ဆယ်ယူပြီးစီးမှု၊ စဉ့်ကူးဘက်ကမ်းတွင် တံတားသံပေါင်များ စတင်တပ်ဆင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ငလျင်ဒဏ်ကြောင့် တံတားတည်ဆောက်ရေး တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြသည့်ဝန်ထမ်းများ၏မိသားစုများအား ပံ့ပိုးကူညီစောင့်ရှောက်ရန်နှင့် တံတားကြီးကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင် တည်ဆောက်ရန်မှာကြားပြီး တံတားသံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာပြီး မန္တလေးမြို့မှတစ်ဆင့် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

သပိတ်ကျင်းငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဉ့်ကူးနှင့်သပိတ်ကျင်းမြို့နယ်အပါအဝင် မြို့နယ်ပေါင်း ၁၇ မြို့နယ်တွင် ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။ ထို့အပြင် နောက်ဆက်တွဲငလျင်ငယ်များအဖြစ် သပိတ်ကျင်းမြို့နယ်တွင် (၁၀၆) ကြိမ်၊ စဉ့်ကူးမြို့နယ်တွင် (၃၂)ကြိမ် လှုပ်ခတ်ခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ နောက်ဆက်တွဲ ငလျင်များအဖြစ် ယခုလ ၂၄ ရက်အထိ (၁၀၄)ကြိမ် လှုပ်ခတ်ခဲ့သည်။

ငလျင်စတင်လှုပ်ခတ်ပြီးနောက် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ စီမံဆောင်ရွက်ပေးမှုဖြင့် မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲရေး ကော်မတီများက ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပြိုကျပျက်စီးခဲ့သောအဆောက်အအုံများအား နိုင်ငံတော်ရန်ပုံငွေနှင့် အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် ပြန်လည်တည်ဆောက်ပေးလျက်ရှိရာ ယခုအခါမန္တလေးတိုင်းဒေသကြီးအတွင်း ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများအနက် လူနေအိမ် ၇၃၅ လုံး၊ ဌာနဆိုင်ရာရုံးအဆောက်အအုံ ၂၅ ခု၊ စာသင်ကျောင်းရှစ်ကျောင်း၊ ဆေးရုံနှင့်ဆေးပေးခန်းခြောက်ခု၊ သာသနိကအဆောက်အအုံ ၂၀ ခု နှင့် စေတီ ၅၂ ဆူတို့ကို ပြန်လည်ပြုပြင်တည်ဆောက်ပြီးဖြစ်သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများအနက် လူနေအိမ် ၃၄၄ လုံး၊ ဌာနဆိုင်ရာရုံးအဆောက်အအုံ ၂၃ ခု၊ စာသင်ကျောင်း ၇၈ ကျောင်း၊ ဆေးရုံနှင့်ဆေးပေးခန်း ၁၁ ခု၊ သာသနိကအဆောက်အအုံ ၇၅ ခုနှင့် စေတီ ၆၉ ဆူတို့ကို ပြန်လည်ပြုပြင် တည်ဆောက်ပြီးဖြစ်သည်။

ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုံတို့သည် ညနေ ၆ နာရီ မိနစ် ၄၀တွင် ဧည့်ခံပွဲကျင်းပရာ သံအမတ်ကြီး နေအိမ်သို့ ရောက်ရှိလာကြရာ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်ခံပွဲတွင် ရှေးဦးစွာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ အမျိုးသားသီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးနှင့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုံနှင့် ဧည့်သည်တော်များအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

အနေနှင့် ဓာတ်ရောင်ခြည်ကုထုံးအား လိုအပ်သလို ကုသမှုခံယူကြရလေ့ရှိပြီး ဖြစ်ပွားသူဦးရေနှင့် ပြည်တွင်းဆေးရုံများ၌ တပ်ဆင်ထားသည့် စက်အင်အားမှာ မမျှတခြင်းကြောင့် ဓာတ်ရောင်ခြည်ကုသမှုခံယူရန် လအနည်းငယ် တန်းစီစောင့်ဆိုင်းနေရသည့်အတွက် ယခုကဲ့သို့ တိုးမြှင့်တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။ “ဓာတ်ရောင်ခြည်စက်တွေရဲ့တန်ဖိုးအားဖြင့်ကလည်း အလွန်မြင့်မားပါတယ်။ စက်တစ်လုံးကို မြန်မာငွေကျပ် သိန်း ၂၇၅၀၀ တန်ဖိုးဝန်းကျင်ဖြစ်ပြီး ယခုနှစ်အတွင်းမှာပဲ ပြည်သူ့ဆေးရုံတွေမှာ စက်အသစ်တွေ တိုးချဲ့တပ်ဆင်နိုင်မှာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ မန္တလေး ပြည်သူ့ဆေးရုံကြီးတွေမှာ ဓာတ်ရောင်ခြည်စက်နှစ်လုံးစီ ရှိနေပြီး စဝ်စံထွန်းဆေးရုံမှာတော့ စက်တစ်လုံးရှိပါတယ်။ ဆေးရုံကြီး သုံးခုပေါင်းအနေနဲ့ကတော့ နေ့စဉ် လူနာပေါင်း သုံးရာကျော်ကို ဓာတ်ရောင်ခြည်ကုသမှုခံယူစေနိုင်ပါတယ်။ ထပ်မံပြီး အားဖြည့်မယ့် စက်လေးလုံးသာ ပေါင်းစပ်လိုက်မယ်ဆိုရင် ကင်ဆာဝေဒနာရှင်တွေအတွက် ပိုပြီးထိထိရောက်ရောက်လျင်လျင်မြန်မြန်နဲ့ ကုသမှုခံယူနိုင်တော့မှာ ဖြစ်ပါတယ်”ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာနမှ ပါမောက္ခ ဦးစိုးဦးမောင်က ရှင်းပြသည်။

၂၀၁၂ ခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာများအရ မြန်မာနိုင်ငံအတွင်း ကင်ဆာရောဂါဖြစ်ပွားမှုများမှာ ယမန်နှစ်ကထက်မြင့်တက်လာခဲ့ပြီး အဖြစ်အများဆုံး ကင်ဆာရောဂါများအဖြစ် ရင်သားကင်ဆာ၊သားအိမ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အူမကြီးကင်ဆာနှင့် အဆုတ်ကင်ဆာတို့ဖြစ်ကြောင်း သိရှိရသည်။

“လွန်ခဲ့တဲ့ ဆယ်စုနှစ်လောက်က ဓာတ်ရောင်ခြည်ကုထုံးကို လူတွေနားမလည်ဘဲ ကြောက်ကြတယ်။ အခုနောက်ပိုင်းမှာတော့ ကျန်းမာရေး ဗဟုသုတပိုပြီး များပြားလာတဲ့အတွက် ကင်ဆာဝေဒနာရှင်တွေအားလုံးနီးပါး လိုအပ်ရင် ဓာတ်ရောင်ခြည်ကုထုံးကို လက်ခံလာကြတယ်။ ဒါပေမယ့် လိုအပ်တဲ့ ဆောင်ရန် ရှောင်ရန်တွေကိုတော့ သိထားဖို့ လိုအပ်ပါတယ်။ ဓာတ်ရောင်ခြည် ကုထုံးကို အသုံးပြုကုသနေတဲ့ လူနာတွေအနေနဲ့ သက်ဆိုင်ရာ ဆရာဝန်ကြီးတွေရဲ့ တိကျတဲ့ လမ်းညွှန်မှုတွေကို လိုက်နာပြီး သတ်မှတ်ရက်ပြည့်ပြည့်ဝဝနဲ့ ကုသကြမယ်ဆိုရင် အကောင်းဆုံးပါပဲ” ဟု ဆရာဝန်ကြီးက ဆက်လက်ရှင်းပြသည်။

● *ကျောဖုံးမှ*

ယခုရာသီတွင်သိသိသာသာ ပြင်ဆင်ထားသည့် ဇွဲကပင်အသင်းသည် ၆၄ မိနစ်တွင် မိုးမြင့်သူကြောင့် ချေပဂိုးပြန်ရခဲ့သည်။ အနိုင်ဂိုးကို မိနစ် ၉၀ တွင် ပီနာက သွင်းယူပေးခဲ့သော ကြောင့် ဇွဲကပင်တို့ ဒုတိယမြောက်နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း

Southern - နှစ်ဂိုး
(ဇော်ခါးနှင့် ရဲအောင်)
ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ

နေပြည်တော်ကွင်း

နေပြည်တော် - သုံးဂိုး
(မိုးဝင်း၊ ဇော်လင်း၊ မာရှယ်)
ဟံသာဝတီ - နှစ်ဂိုး
(မင်းနောင်ဦးနှင့် အောင်မြင့်ထွန်း)

နေပြည်တော်အသင်းအတွက် ၄၂ မိနစ်၌ မိုးဝင်းက ပယ်နယ်တီမှ တစ်ဆင့်ဂိုးသွင်းနိုင်ခဲ့သည်။ သို့သော် ၅၈ မိနစ်၌ မင်းနောင်ဦးက ချေပဂိုးသွင်းယူခဲ့သော်လည်း ၇၂ မိနစ်၌ ဇော်လင်းက နေပြည်တော်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ တစ်ဖန် မိနစ် ၈၀ ၌ အောင်မြင့်ထွန်းက ချေပဂိုးသွင်းယူခဲ့သော်လည်း မိနစ် ၉၀၌ မာရှယ်က နေပြည်တော် အတွက် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကင်မွန်းခြံရေထိန်းတံခါးဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကင်မွန်းခြံရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ရေထိန်းတံခါး၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရေထိန်းတံခါးကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းတို့က ရေထိန်းတံခါးမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ရေထိန်းတံခါးအား ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အုန်းပင်ကျေးရွာရှိ မုန်တိုင်းဒဏ်ခံအဆောက်အအုံ၌ မူလတန်းကျောင်းဖွင့်လှစ်ထားမှုကိုကြည့်ရှုစစ်ဆေး၍ ကျောင်းအတွက် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် သက်ကယ်ကုန်းကျေးရွာရှိ တောင်သူလယ်သမားများအား ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များ၊ ပြောင်းမျိုးစေ့များနှင့် ဓာတ်မြေဩဇာအိတ်များကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခရမ်းရေထိန်းတံခါး ရေသိုလှောင်ထားရှိမှုများကို ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်း ဒေသကြီးသည် နိုင်ငံတော်၏ စီးပွားရေးမြို့တော်ဖြစ်သကဲ့သို့ လူနေထူထပ်သော ဒေသကြီးလည်းဖြစ်ကြောင်း၊ မြို့ပေါ်၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တစ်ပြိုင်တည်း ဆောင်ရွက်နေသကဲ့သို့ ကျေးလက်နေပြည်သူများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင် ဆောင်ရွက်နေသည်ကို တောင်သူလယ်သမားများကလည်း ကိုယ်တိုင်ပူးပေါင်းဆောင်ရွက်လိုသော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရန်အရေးကြီးကြောင်း။

နိုင်ငံတော်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင် မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်မှ တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ် ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို ချေးငွေကျပ် တစ်သိန်းအထိ ထုတ်ပေးခြင်း အပါအဝင်အသင်းအဖွဲ့များငွေကြေး ထုတ်ပေးခြင်းတို့အပေါ် ထိရောက်မှန်ကန်စွာ အသုံးပြု၍အလေအလွင့်မရှိ အသုံးပြုရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းတို့ ခရမ်းမြို့နယ် ကင်မွန်းခြံရေထိန်းတံခါးဖွင့်ပွဲအထိမ်းအမှတ် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

Education World Forum for Education Ministers 2013

တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပြည်ပထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် Education World Forum for Education Ministers 2013 သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လှူမိတ်ဆွေ

ဧယျာရွှေမြေတိုက်စစ်မှူး ဆာဆာ၏ ထိုးဖောက်မှုကို ရန်ကုန်နောက်ခံလူ ခင်မောင်လွင် ဟန့်တားစဉ်။ (မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

ဆွေးနွေးပွဲများ၊ ရှင်းလင်းပွဲများပြုလုပ်ရာအခန်း၊ ဆုတံဆိပ်များ ပြင်ဆင်ထားရှိရာအခန်း၊ တွေ့ဆုံမေးမြန်းခန်း၊ မီဒီယာအခန်း စသည်တို့ ပါဝင်ဖွဲ့စည်းတည်ဆောက်လျက်ရှိသည်။ ယင်းအခန်းများမှာ အတွင်းပိုင်းပြင်ဆင်မှုပြုလုပ်လျက်ရှိသည်။

ဝဏ္ဏသိဒ္ဓိအားကစားရုံရှိ ဝူရှူး၊ ကရာတေးဒိုနှင့် တိုက်ကွမ်ဒို အားကစားပြိုင်ပွဲများ ကျင်းပမည့် အားကစားရုံ (A)မှာလည်း တည်ဆောက်ပြီးစီးမှု ၆၀ ရာခိုင်နှုန်းကျော် ရှိနေပြီဖြစ်သည်။ အပြီးတည်ဆောက်ရန်သတ်မှတ်ထားသည့်ရက်မှာ လာမည့် မတ်လ ၃၁ ရက်ဖြစ်ရာ သတ်မှတ်ရက်အတွင်း ပြီးစီးမည်ဖြစ်သည်။

ဝူရှူး၊ ကရာတေးဒိုနှင့် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲများ ကျင်းပမည့် အားကစားရုံသည် အရှည် ၂၉၉ ပေ၊ အကျယ် ၃၀၃ ပေ ရှိကာ အမြင့်မှာ ၆၆ ပေရှိသည်။ စုစုပေါင်း အကျယ်အဝန်းဧရိယာမှာ ၉၀၅၉၇ စတုရန်းပေရှိပြီး အားကစားပြိုင်ပွဲပြုလုပ်မည့် ကြမ်းခင်းဧရိယာ အကျယ်အဝန်းမှာ စတုရန်းပေ ၂၂၉၃၈ ပေရှိသည်။ ပရိသတ် ၃၀၀၀ ကြည့်ရှုနိုင်သည့် ထိုင်ခုံများတပ်ဆင်ထားမည်ဖြစ်သည်။

လောလောဆယ်တွင် ယင်းအားကစားရုံ၏ အဓိကတည်ဆောက်ရေးလုပ်ငန်းများပြီးစီးနေပြီ ဖြစ်ပြီး အတွင်းပိုင်းနှင့် အပြင်ဘက်ပိုင်း အပြီးသတ် တည်ဆောက်မှုလုပ်ငန်းများ ပြုလုပ်လျက်ရှိသည်။ သတ်မှတ်ရက်အတိုင်းပြီးစီးရန် ဆောင်ရွက်လျက်ရှိရာအင်ဂျင်နီယာများ၊ အလုပ်သမားများ အင်အားပြည့်ပြုလုပ်နေသည်ကို တွေ့ရသည်။

ထို့အတူ ဝဏ္ဏသိဒ္ဓိအားကစားရုံရှိလက်ဝှေ့နှင့် မွေအားကစားပွဲများ ကျင်းပမည့် အားကစားရုံ (B) မှာလည်း တည်ဆောက်ပြီးစီးမှု ၆၁ ရာခိုင်နှုန်းကျော်ရှိနေပြီဖြစ်သည်။ အလျား ၂၉၉ ပေရှိပြီး အကျယ် ၃၀၃ ပေရှိကာ အမြင့် ၆၆ ပေရှိသဖြင့် အားကစားရုံ(A)နှင့် အရွယ်အစားတူညီနေသည်။ အားကစားပြိုင်ပွဲပြုလုပ်မည့်ကြမ်းခင်းဧရိယာအကျယ်အဝန်းမှာ စတုရန်းပေ ၂၂၉၃၈ ပေရှိရာ ကျယ်ဝန်းသော အနေအထားရှိသဖြင့် နိုင်ငံတကာအဆင့်မီ လက်ဝှေ့နှင့်မွေ အားကစားပြိုင်ပွဲများ ကျင်းပနိုင်သည့် အနေအထားပင်ဖြစ်သည်။

ပရိသတ် ၃၀၀၀ ကြည့်ရှုနိုင်ရန် ထိုင်ခုံများတပ်ဆင်ထားမည်ဖြစ်ရာ အားကစားသမားများ လေ့ကျင့်ခန်း၊ အဝတ်လဲခန်း၊ ဒိုင်လူကြီးများအဝတ်လဲခန်း၊ ကြံ့ခိုင်မှုလေ့ကျင့်ခန်း၊ ဆွေးနွေးခန်း၊ မီဒီယာတွေ့ဆုံခန်း၊ အထူးဧည့်သည်များ နားနေခန်း၊ နည်းစနစ်ပိုင်းဆိုင်ရာ အရာရှိများအခန်း၊ ရုပ်မြင်သံကြားအခန်း စသည့်အခန်းများ ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။

ဝဏ္ဏသိဒ္ဓိ အားကစားရုံမှာ တရုတ်နိုင်ငံမှ ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး မြန်မာအင်ဂျင်နီယာများနှင့် အလုပ်သမားများက တည်ဆောက်နေခြင်းဖြစ်သည်။ အားကစားရုံသုံးရုံပါရှိသော ဝဏ္ဏသိဒ္ဓိအားကစားရုံမှာ အထပ်သုံးထပ်ပါရှိသည့် အားကစားရုံဖြစ်သည်။

ပိုက်ကျော်ခြင်းနှင့် ရိုးရာခြင်းလုံး အားကစား ပြိုင်ပွဲရုံသည်လည်း အထပ်သုံးထပ်ဖြစ်ပြီး ဝူရှူး၊ ကရာတေးဒိုနှင့် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲများကျင်းပမည့် အားကစားရုံ (A)သည် အထပ်သုံးထပ်ဖြစ်သည်။ ထို့အတူ လက်ဝှေ့နှင့်မွေ အားကစားပြိုင်ပွဲများကျင်းပမည့် အားကစားရုံ (B)သည်လည်း သုံးထပ်ဖြစ်သည်။

ဝဏ္ဏသိဒ္ဓိ အားကစားရုံကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိရာ သတ်မှတ်ကာလအတွင်း အဆင့်မီစွာ တည်ဆောက်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ထုတ်ကုန်များ အရည်အသွေးမြင့်မားပြီး ဈေးနှုန်းယှဉ်ပြိုင် ရောင်းချနိုင်ရန်လို

နေပြည်တော် ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီးကျောက်ဆည်စက်မှုနယ်မြေရှိ လက်တွန်းထွန်စက် (Power Tiller) နှင့် ရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) စသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ထုတ်လုပ်နေသည့် အမှတ်(၁၈) အကြီးစားစက်ရုံ(အင်းကုန်း)သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင်ရောက်ရှိပြီး အမှတ်(၁)အလုပ်ရုံ၌ အင်ဂျင်၏ Casting Part များ ထုတ်လုပ်နေမှု၊ အမှတ်(၂) အလုပ်ရုံ၌ Power Tiller ထုတ်လုပ်နေမှု၊ အမှတ်(၃) အလုပ်ရုံ၌ Gear နှင့် Shaft အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် အမာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သံရည်ကျို အလုပ်ရုံ၌ သံရည်ကျိုပုံလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Combine Harvester အလုပ်ရုံ၌ အမှာစာများရရှိထားသည့် DKC 685(C) နှင့် DKC 865 (CX) Combine Harvester များ ထုတ်လုပ်မည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြင်းခေါင်းတံဆိပ် ဘိလပ်မြေ ထုတ်လုပ်နေသည့် အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်) ရှင်းလင်းဆောင်၌ ကျောက်ဆည်စက်မှုနယ်မြေ စက်ရုံများမှဝန်ထမ်းများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက Production အပိုင်းသည် Market ပေါ်တွင် မူတည်နေကြောင်း၊ ထုတ်ကုန်များ အရည်အသွေးမြင့်မားပြီး ဈေးနှုန်းယှဉ်ပြိုင် ရောင်းချနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်၍ ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရန်၊ ဝန်ထမ်းများ ကိုယ်ကျင့်သိက္ခာကောင်းမွန်၍ စည်းကမ်းရှိရန်၊ စက်ရုံဟောင်းပါက လူတွေကကောင်းပြီး ဝီရိယပိုမိုစိုက်ထုတ်ကြရန်၊ ဝန်ထမ်းများ မိမိဝင်ငွေနှင့် ထွက်ငွေမျှတအောင်သုံးစွဲပြီး ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်၊ Marketing Department များ ဖွဲ့စည်းဆောင်ရွက်ရန်၊ စက်ရုံအလိုက် Inspector အပိုင်းသည် အရေးကြီးသကဲ့သို့ Quality Control ကို အလေးထားရန်၊ ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် တိုးတက်အောင်မြင်အောင် ဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။ ယင်းနောက် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘိလပ်မြေထုတ်လုပ်မှုကို နေ့စဉ်တန် ၄၀၀ ကျော်တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် မှန်အမျိုးမျိုးကို တစ်နှစ်လျှင် တန်ချိန် ၄၀၀၀၀ ကျော် ထုတ်လုပ်မည့် အမှတ်(၃၆) အကြီးစား စက်ရုံ (ကျောက်ဆည်)သို့ရောက်ရှိပြီး စက်ရုံတည်ဆောက်ထားပုံနှင့် သဲကုန်ကြမ်းထုတ်လုပ်မည့် ယင်းစွဲတောင်မှ သဲထုတ်လုပ်နိုင်မှုအခြေအနေ၊ မှန်ရည်ကျိုမီးဖို၊ သံဖြူရည်မီးဖိုနှင့် မှန်ဆွဲရိုလာများ၊ မှန်နှပ်ဖိုနှင့် မှန်ဖြတ်စက်များ တည်ဆောက်ထားပုံနှင့် ကုန်ကြမ်းထည့်သွင်းသည်မှ ကုန်ချောမှန်ထွက်ရှိသည့် အဆင့်ထိ ထုတ်လုပ်ပုံအဆင့်ဆင့်၊ ကုန်ချောမှန်များမှ အဆင့်မြင့်မှန်များဖြစ်သော အားဖြည့်မှန်၊ လွှာထပ်မှန်နှင့် ကြည့်မှန်များထုတ်လုပ်ရန် မှန်ဖြတ်ခြင်း၊ မှန်အနားသွေးခြင်း၊ မှန်အနားဇောင်းသတ်ခြင်း၊ မှန်အပေါက်ဖောက်ခြင်း၊ မှန်ကော်ပတ်စားခြင်း၊ မှန်ဆေးကြောခြင်းနှင့် မှန်ကွေးခြင်းလုပ်ငန်းများ၊ အားဖြည့်မှန် (Tempered Glass)၊ လွှာထပ်မှန် (Laminated Glass) နှင့် ကြည့်မှန် (Mirror Glass) ထုတ်လုပ်နေပုံများကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ မြင်းခေါင်းတံဆိပ် ဘိလပ်မြေအိတ်ခွံနှင့် အမှာစာရရှိသည့်လုပ်ငန်းများအတွက် ပလတ်စတစ်အိတ်မျိုးစုံ ထုတ်လုပ်ပေးနေသည့် အမှတ်(၂)ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)၊ အဆင့်မြင့်မီးခံအုတ်မျိုးစုံ ထုတ်လုပ်နေသည့် မီးခံအုတ်စက်ရုံ၊ မောင်မြန်မာတံဆိပ်ဖြင့် ၂၆ လက်မနှင့် ၂၈လက်မ စက်ဘီးများ၊ ၂၄ လက်မ လျှပ်စစ်စက်ဘီးများ ထုတ်လုပ်နေသည့် စက်ဘီးစက်ရုံ(ကျောက်ဆည်)၊ မောင်မြန်မာတံဆိပ်ဖြင့် အပ်ချုပ်စက်အမျိုးမျိုး ထုတ်လုပ်နေသည့် အပ်ချုပ်စက်စက်ရုံ(ကျောက်ဆည်)၊ ရော်ဘာဖိနပ်အမျိုးမျိုးထုတ်လုပ်နေသည့် ဖိနပ်စက်ရုံ(ကျောက်ဆည်)၊စပို့ရှပ်၊ တီရှပ်နှင့် စွပ်ကျယ်များထုတ်လုပ်နေသည့် အမှတ်(၉)အထည်စက်ရုံ (ကျောက်ဆည်)နှင့် မြသီတာအမှတ်တံဆိပ်ဖြင့် ထုတ်လုပ်နေသည့် သောက်ရေသန့်စက်ရုံ (ကျောက်ဆည်)၊ MPF (ကျောက်ဆည်) အမှတ်တံဆိပ်ဖြင့် တစ်ခါသုံးဆေးထိုးအပ်အမျိုးမျိုး၊ သွေးကြောသွင်းဆေးရည်အမျိုးမျိုးနှင့် ထိုးဆေးအမျိုးမျိုးတို့ကို ထုတ်လုပ်နေသည့် အမှတ်(၂) ဆေးဝါးစက်ရုံ (အင်ရောင်း)တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ငါးသလောက်သယံဇာတ အကဲဖြတ်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံသည်အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ရေချို၊ ရေငန်ဒေသများတွင် အဖိုးတန် ရေသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ နိုင်ငံ၏ ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုတွင် ရေငန်ဒေသထုတ်လုပ်မှုသည် အဓိကကျသော ထုတ်လုပ်မှုဖြစ်ပြီး ဖမ်းဆီးထုတ်လုပ်မှုမှရရှိသည့် သဘာဝထုတ်ကုန် (Organic Product) ဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဝယ်လိုအား ကောင်းမွန်လျက်ရှိပါကြောင်းဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဇန်နဝါရီ ၁၅ ရက်နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပသည့် ဘင်္ဂလားပင်လယ်အော်ဒေသ၊ မြန်မာနိုင်ငံ ငါးသလောက်သယံဇာတ အကဲဖြတ် တိုင်းတာရေးလုပ်ငန်းအဖွဲ့ ရှေးဦး တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ရေငန်ဒေသရေထွက်ကုန်များတွင် ငါးသလောက်ငါးမျိုးသည် နှစ်စဉ် အများဆုံးတင်ပို့နေရသော ရေထွက်ကုန်ဖြစ်ပြီး ကမ္ဘာပေါ်၌ ဘင်္ဂလားပင်လယ်အော်ဒေသရှိ မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၏ ရေပိုင်နက်ပင်လယ်ပြင်တွင် အများအပြား တွေ့ရှိရကြောင်း၊ ထိုသို့အဖိုးတန်သည့် ငါးသလောက်ငါးမျိုး ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် ငါးသလောက် သယံဇာတ အကဲဖြတ်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို Bay of Bengal Large Marine Ecosystem (BOBLME) Programme မှ ရေငန်ငါးသလောက် အများအပြား တွေ့ရှိရသည့် မိမိတို့နိုင်ငံ အပါအဝင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ယင်းသို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ စီမံကိန်းများ စနစ်တကျရေးဆွဲပြီး ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းဆိုင်ရာ NGO အဖွဲ့များပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့အမှန်တကယ် ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသည့် ကမ်းနီး၊ ကမ်းဝေး ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများကိုပါ ပါဝင်ဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများကလည်း သယံဇာတထိန်းသိမ်းရမည့် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် နည်းလမ်းများကို သိရှိလိုက်နာကျင့်ကြံလာသည်နှင့်အမျှ မိမိတို့နိုင်ငံ၏ ရေပိုင်နက်အတွင်း ရေသယံဇာတ ပေါကြွယ်ဝပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာကာ မိသားစုတစ်ဦးချင်းဝင်ငွေ တိုးတက်လာမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကိုကျင်းပရာတာဝန်ရှိသူများက စီမံကိန်းနောက်ခံသမိုင်း၊ လက်ရှိမြန်မာနိုင်ငံ ငါးသလောက် သယံဇာတတည်ရှိမှုနှင့် တိုင်းတာရေးလုပ်ငန်းများ၊ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

အယုံလွယ်သူကို ဖုန်းဆက်လိမ်လည်မှုဖြစ်ပွား

ပခုက္ကူ ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၉ ရက်က မိုဘိုင်းဖုန်းဖြင့် လိမ်လည်ငွေတောင်းခံမှုတစ်ခု ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကျေးရွာတစ်ရွာ၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရေစကြိုမြို့နယ် မအူအောက်ဆိပ်ကျေးရွာနေ ဒေါ်ဥမ္မာခင် အသက်၃၁နှစ်ထံ ဇန်နဝါရီ ၉ ရက် နံနက် ၇ နာရီက မိသားစုပိုင် ဖုန်းသို့ အမည်မသိသူတစ်ဦးကအောင်မြင့်မြတ်အမေ ဒေါ်ခင်ညိုရှိသလားဟု မေး၍ ရုံးချုပ်မှ ဆင်းရဲနွမ်းပါးသူများအတွက် ထောက်ပံ့ငွေထုတ်ပေးချင်လို့ဟု ဖုန်းဆက်ကြောင်း၊ ဖုန်းဆက်သူမှာ အမည်၊ နေရပ်လိပ်စာမပြောဘဲ ဖုန်းပြန်ဆက်ရန်ဟု ပြောပြီးဖုန်းချသွားသည်။ နံနက် ၁၁နာရီတွင်ဒေါ်ဥမ္မာခင်ကပေးထားသော ဖုန်းနံပါတ်ထံ ကိုယ်တိုင်ဖုန်းဆက်ခေါ်ရာ အမည်မသိသူမှ ဆင်းရဲနွမ်းပါးသူများအတွက် ထောက်ပံ့ပေးရန် ငွေကျပ် ၂၁၄ သိန်းအားလွှဲမည်ဖြစ်ကြောင်းနှင့် ဝန်ဆောင်မှုအတွက် အထွေထွေ ကျသင့်ငွေ ၉၂၀၀၀၀ ကို ဦးအာကာအား လွှဲရန်ပြောသဖြင့် မိခင်ဖြစ်သူနှင့် ပခုက္ကူမြို့သို့ ရောက်လာပြီး မွန်းလွဲ ၂ နာရီခွဲတွင် ပခုက္ကူ ရိုးမဘဏ်မှ သယ်န်းကျွန်း ရိုးမဘဏ်သို့ငွေများ လွှဲအပ်ပေးပြီးနောက် ဦးအာကာထံ ဖုန်းဆက်ရာ ယနေ့အထိ ပြန်လည်ငွေလွှဲပေးခြင်း မရှိကြောင်း၊ ဆက်သွယ် သော်လည်း ဆက်သွယ်မှုမရပါသဖြင့် ဇန်နဝါရီ ၁၅ ရက်၌ ပခုက္ကူရဲစခန်းတွင် အမှုဖွင့်တိုင်တန်းထားကြောင်း သိရသည်။

(အောင်မင်းသစ်)

သွေးသည် အသက်

မော်လမြိုင် ဇန်နဝါရီ ၂၆

ပြည်သူများ လျှပ်စစ်ဓာတ် ပို့အားပြည့်ဝစွာသုံးစွဲနိုင်ရန် (၃၁၅) ကေဗွီအေ ထရန်စဖော်မာ တည်ဆောက်ပြီးစီး

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်ခင်းလမ်း မြိုင်သာယာလမ်းထိပ်တွင် (၁၁/၀-၄) ကေဗွီ (၃၁၅) ကေဗွီထရန် စဖော်မာတစ်လုံးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း မော်လမြိုင်မြို့နယ်လျှပ်စစ် အင်ဂျင်နီယာအဖွဲ့များ ဦးဆောင်ကာ လိုင်းဝန်ထမ်းများနှင့် တည်ဆောက်ခဲ့ရာ မိဘပြည်သူများ လျှပ်စစ်ဓာတ် ပို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို ဇန်နဝါရီ ၂၃ရက် ညနေ ၆နာရီခွဲမှ ဓာတ်အားဖြန့်ဖြူးပေးခဲ့ကြောင်း။

အဆိုပါ ထရန်စဖော်မာတည်ဆောက်ပေးမှုကြောင့် မော်လမြိုင်မြို့ ဖက်ခင်းလမ်း၊ မြိုင်သာယာလမ်း၊ ရှင်စောပုလမ်းများတွင် ဓာတ်အားသုံးစွဲလျက်ရှိသော ရပ်ကွက်နေ မိဘပြည်သူများ လျှပ်စစ်ဓာတ်ပို့အား ပြည့်ပြည့်ဝဝ အသုံးပြုခွင့်ရရှိပြီဖြစ်ကြောင်း၊ ယခင်ကမီးလာသော်လည်း လျှပ်စစ်ဓာတ်အားမပြည့်၍ မီးများမှိန်မှိန် သာလာခဲ့ပြီး ယခုအခါတွင် ပို့အား ပြည့်ဝစွာ ဖြန့်ဖြူးပေးမှုကြောင့် မိဘပြည်သူများ ဝမ်းသာလျက် ရှိကြောင်း သိရှိရသည်။

ဦးတင်ထွဋ်(မော်လမြိုင်)

စားကျက်မလုံလောက်မှုများကြောင့် တောင်သူအချို့ အခက်အခဲကြုံ

နတ်မောက် ဇန်နဝါရီ ၂၆

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ ဒေသအချို့တွင် ပြီးခဲ့သော မိုးရာသီ၌ မိုးရွာသွန်းမှု လျော့နည်းသည့်အတွက် သီးနှံများအထွက်နှုန်းကျဆင်းကာ နွားစာမြက်များရှားပါး၍ ဒေသခံတောင်သူအချို့မှာ တောင်သူလုပ်ငန်းများထက် နွားစာရှာရသည့်အလုပ်ကို အချိန်ပေးနေရကြောင်း သိရသည်။

နတ်မောက်မြို့နယ် အတွင်းရှိ ဝါးရုံကုန်း၊ ချောင်းနက်၊ အုတ်ဖို၊ ကျောင်းကုန်း၊ ဝက်ချုပ်၊ သမုန်းပင်၊ ကျွဲထူးခံ၊ ဝံကိုက် အစရှိသော ကျေးရွာအုပ်စုများရှိ တောင်သူအများစုမှာ နွားစာမလုံလောက်မှုကြောင့် မြို့သစ်မြို့နယ်ရှိ နွေစပါး ကောက်ရိုးများအား အပုံပြတ်စနစ်ဖြင့်လည်းကောင်း၊ ကားဖြင့် အစီးပြတ် စနစ်ဖြင့်လည်းကောင်း သင့်သလိုဝယ်ယူကြရသည်။ နွားစာတစ်ပုံလျှင် ကျပ် ၁၈၀၀၀ ဝန်းကျင်ရှိသော်လည်း ကားခနှင့်ပေါင်းတွက်ပါက ငွေကျပ်တစ်သိန်းဝန်းကျင် ကုန်ကျမှုများရှိကြောင်း၊ မိုးမကျခင်အထိ နွားစာလုံလောက်မှုမရှိနိုင်သဖြင့် ဒေသတစ်ဝိုက်တွင်ရှိသော ခင်တန်း ချောက်များမှ ယခင်က နွားမစားသည့် မြက်ရိုင်းများကို လူငှားများဖြင့် ရသလောက်ရိတ်၍ ရောနှောကျွေးရကြောင်း၊ ယခုလို ဝင်ငွေမရှိသည့်ကာလမျိုးတွင် နွားစာအတွက် လုံးပန်းနေရ၍ တောင်သူများ အခက်အခဲများရှိနေကြောင်း အုတ်ဖိုကျေးရွာမှ တောင်သူ ဦးကျော်ဝင်းက ပြောပြသည်။ ယခင်က တန်ဆောင်မုန်းလတွင် ဆွတ်ခူးသည့် ပင်ပြန် မြေပဲရိုးများနှင့် သီးထပ်အဖြစ် စိုက်သည့် ပြောင်းရိုး၊ ဆပ်ရိုး၊ ပဲနောက်ရိုးများဖြင့် နွားစာအတွက် တစ်နွေစာလောက်ခဲ့သော်လည်း ယခုအခါ ရာသီဥတုဖောက်ပြန်သည့် အတွက်ကြောင့် နွားစာမလုံလောက်မှုပြဿနာကြုံတွေ့နေရသည်မှာ သုံးနှစ်ခန့်ရှိခဲ့ပြီဖြစ်သည်။ တောင်သူများအဖို့ ယခုလိုအချိန်တွင် လူက နွားကို ပြန်လုပ်ကျွေးနေရသကဲ့သို့ ဖြစ်နေကြရာ နွားစာမလုံလောက်ရေးအတွက် လုံးပန်းနေကြရကြောင်း ဒေသခံတောင်သူများက ပြောသည်။ **ပေါ်ဦး(နတ်မောက်)**

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာရေတာနှာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မနာမည်ကနန်းခမ်းမိုင်ပါ။ ကျွန်မ၏မျက်နှာမှာအဆီအရမ်းပြန်သောကြောင့်ဝက်ခြံတွေအရမ်းပေါက်ပါသည်။ ကျွန်မအသက် (၁၂)နှစ်အရွယ်လောက်ကတည်းက ဝက်ခြံတွေစပေါက်ခဲ့တာပါ။ အရမ်းစိတ်ညစ်ခဲ့ရပါတယ်။ ကျွန်မအပျိုပေါက်လေးဆိုတော့ ကျောင်းသွားရင်အရမ်းရှက်ခဲ့ရပါတယ်။ ... ရွှေပြည်နန်းကုမ္ပဏီကို ဒီထက်မက ဆုတွေရရှိပြီး အောင်မြင်မှုရရှိကာ မြန်မာ့ဂုဏ်ဆောင်နိုင်ပါစေလို့ ဆုမွန်ပြုလိုက်ပါတယ်။

နန်းခမ်းမိုင် (ပထမနှစ်-မြန်မာစာ) ထားဝယ်မြို့

ထပ်ဆင့်ထောက်ခံအပ်ပါသည်

နန်းခမ်းမိုင်၏ပေးစာတွင် ဖော်ပြထားသော အကြောင်းအရာ အချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များ ဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင် သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

နန်းထားဖေ ၊ ၅/တတ (ဂ) နိုင်(၈) အမှတ်(၁၄) သစ်စားဆောင်ထမ်း၊ ထားဝယ်မြို့

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (။)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ပြည်တွင်းသတင်း

အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်ဆရာတော် အန္တိမဈာပနပွဲကျင်းပ

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၂၆

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက မြို့နယ်သံဃနာယက တွဲဖက်အကျိုးတော်ဆောင် ကိုးဘွဲ့ရ ဆရာတော်ကြီး၏ အန္တိမဈာပနပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးညတိုင် ရခိုင်ရိုးရာကျင်ပွဲ၊ ရခိုင်ရိုးရာ ဒုံးယိမ်းကပွဲ၊ ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဒုံးတိုက်မီးသင်္ဂြိုဟ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ပြည်သူထောင်ပေါင်းများစွာ လာရောက်ချီးမြှင့် ပူဇော်ကြကြောင်း သိရသည်။ **(လှဘော်သူ)**

အမှတ်မထင် ဓာတ်ပုံမြင်ကွင်း

ရန်ကုန်မြို့လယ် မြို့တော်စည်ပင်သာယာရေးကော်မတီရုံး (မြို့တော်ခန်းမ) ၏ အနောက်ဘက် ယာဉ်သွားလမ်းသည် ဆူးလေဘုရား အဝိုင်းပတ်မောင်းကားများနှင့် မြို့တော်ခန်းမအနောက်ဘက်ပေါက်မှ ထွက်လာသော ယာဉ်များ၏ အဝင်လမ်းကြောဖြစ်သည်။ ခရီးသည်တင် ဘတ်စ်ကားကြီးများ ဆူးလေဘုရား လမ်းတောင်ဘက်မှမြောက်ဘက်သို့ စတင်ထွက်ခွာသည့် စုရပ်နေရာလည်းဖြစ်သည်။ ညနေဘက်တွင် စုပေါင်းစီး တက္ကစီအငှားယာဉ်များဆုံရာ စုရပ်နေရာလည်းဖြစ်သည်။ ဇန်နဝါရီ ၂၄ ရက် ညနေ ၅ နာရီက ယာဉ်ကြောကျပ်တည်း ရှုပ်ထွေးလှသည့်နေရာတွင် ယာဉ်ကြောပြောင်းပြန်နေရာယူ ရပ်ထားသော ယာဉ်တစ်စီးကို အမှတ်မထင် တွေ့လိုက်ရသည်။ **မောင်ကျောက်တံတား**

ဘုရားဖူးယာဉ် ခဲဖြင့် ပစ်ပေါက်သူများ အရေးယူခံရ

ပဲခူး ဇန်နဝါရီ ၂၆

ဇန်နဝါရီ ၁၉ ရက် နံနက် ၅ နာရီခန့်က ပဲခူးမြို့အမှတ်(၁)ရဲစခန်းအပိုင် ပြည်တော်သာကျေးရွာအဝင် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင် အမှတ် (၅၄/၃)တွင် ရန်ကုန်ဘက်မှကျိုက်ထီးရိုးဘက်သို့ ကျော်သူ (၃၆)နှစ် မောင်းနှင်လာသော(၅င/----) သတိုးမင်း မှန်လုံခြောက်ဘီး ဘုရားဖူး ယာဉ်ကို ပဲခူးမြို့နယ် ပြည်တော်သာ ကျေးရွာအဝင် လမ်းဘေးယာဘက်ခြမ်းမှ လူငယ်တစ်စုက ခဲဖြင့် ပစ်သဖြင့် ယာဉ်ရှေ့လေကာမှန် ယာထောင့်ထိမှန် ကွဲသွားခဲ့သည်။ ယာဉ်မောင်း ကျော်သူက ပဲခူးအမှတ်(၁)ရဲစခန်းသို့ တိုင်ကြားခဲ့ရာ ပဲခူးမြို့နယ်မှူး ရဲမှူး ဇော်မင်း၏ ဦးဆောင်မှုဖြင့် ယာဉ်ကို ခဲဖြင့်ပစ်ပေါက်သူ ပြည်တော်သာ ကျေးရွာက လူငယ်ငါးဦးကို နာရီဝက် အတွင်း ဖမ်းဆီးရမိခဲ့သဖြင့် ပဲခူး အမှတ်(၁)ရဲစခန်းက အရေးယူဆောင်ရွက်ထားသည်။ **(သန့်စင်)**

နိုင်ငံခြားခရီးသွားဧည့်သည်များ တဲနန်းတော်ဘုရား ဖူးမြော်ကြည်ညို

နောင်ချို ဇန်နဝါရီ ၂၆

ဇန်နဝါရီ ၂၄ ရက်က ကမ္ဘာလှည့် နိုင်ငံခြားခရီးသွား ဧည့်သည်များ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ အနောက်ဘက် သဖန်းကိုင်းကျေးရွာ၊ မန္တလေး၊ လားရှိုး ကားလမ်းအနီးတွင် တည်ရှိသည့် ရှေးဟောင်းသမိုင်းဝင် တဲနန်းတော် ဘုရားအား ကြည့်ရှုလေ့လာဖူးမြော်ကြည်ညို နေကြသည်ကို ဇန်နဝါရီ ၂၃ ရက် ညနေပိုင်းက တွေ့ရှိရသည်။ ခရီးသွား ဧည့်သည်များက မော်တော်ယာဉ် ပြုပြင်နေစဉ် အဆိုပါ ဘုရားကို ဖူးတွေ့မြင်ခြင်းဖြစ်သည်။ ရှေးဟောင်း သမိုင်းဝင်ဖြစ်သည့် ဘုရားစေတီသည် အနော်ရထာမင်းတရားကြီး တိုင်းခန်း လှည့်လည်စဉ် ခရီးတစ်ထောက်နားကာ တဲနန်းများ ဆောက်ပြီး ဘုရားစေတီတည်ခဲ့သဖြင့် တဲနန်းတော်ဘုရားဟု ဘွဲ့တော်တွင်ခဲ့သည်။ ဘုရားစေတီအား ဖူးမြော်ကြည်ညိုပြီး ဆုတောင်းလျှင် ပြည့်သည်ဟုသိရပြီး နှစ်စဉ် တဲနန်းတော်ဘုရားတွင် တပေါင်းလပြည့် နေ့တိုင်း ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ရပ်ဝေးရပ်နီးမှ ဘုရားဖူး လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ **(ဝဇိ)**

ပျဉ်းမနားမြို့အမှတ်(၁) မြို့မဈေး မီးဘေးလုံခြုံရေးစစ်ဆေး

ပျဉ်းမနား ဇန်နဝါရီ ၂၆

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးမှုကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့ကွင်းဆင်းစစ်ဆေးရာ မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ရဲသူရိန်ကိုကိုစိုး၊ အမှတ်(၁) မြို့မဈေး တာဝန်ခံ ဦးကျော်ဆန်းဝင်းတို့က မီးဘေးလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍နေပြည်တော် စည်ပင်သာယာရေးကော်မတီ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဥက္ကာက မြို့နယ်အတွင်းရှိ ဈေးများအနက် အမှတ် (၁) မြို့မဈေးတွင် ပထမဦးဆုံး အသုံးပြုသည့် ရေဂါလန် ၅၀ ဆံ့ ရွေ့လျား အသေးစား မီးသတ်စက် လက်တွေ့မီးငြိမ်းသတ်ပုံများကို ရှင်းလင်းပြသရာ ညွှန်ကြားရေးမှူးများနှင့် အဖွဲ့က ကြည့်ရှုပြီး မီးသတ်ရေကန်၊ ဈေးမီးသတ်နှင့် ပိုက်များကြံ့ခိုင်မှုရှိ မရှိ၊ လျှပ်စစ်မီး သွယ်တန်းမှု အခြေအနေ၊ မီးသတ်ဆေးဘူးများ အရည်အသွေးတို့ကို စစ်ဆေးပြီး မီးဘေးလုံခြုံရေး လုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်ကြရန် မှာကြားသွားကြောင်း သိရသည်။ **တက္ကသိုလ်နေဝင်းအောင်**

ယာဉ်လုပ်သားများအတွက် မွမ်းမံနှင့် အခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချ

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီ (မထသ-ဗဟို)သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ပိုမိုတိုးတက်ရေး၊ အများပြည်သူ သယ်ယူပို့ဆောင်မှုတွင် တာဝန်ယူနေကြသူများ၏ စိတ်နေသဘောထား နူးညံ့သိမ်မွေ့လာရေးနှင့် ယာဉ်တိုက်မှု၊ တိမ်းမှောက်မှု လျော့နည်းလာစေရေးတို့ကို ရည်ရွယ်ကာ ယာဉ်လုပ်သား မွမ်းမံသင်တန်းနှင့် အခြေခံသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့သည်။ မထသ(ဗဟို) အောက်ရှိ ယာဉ်လိုင်း အသီးသီးတွင် ၂၀၁၁ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ကြသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ အတွက် အခြေခံသင်တန်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှစတင်ပို့ချခဲ့ရာ ယခုအထိ သင်တန်းအမှတ်စဉ် (၁/၂၀၁၁)မှ (၁၄/၂၀၁၂)အထိ သင်တန်း (၁၄)ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ သင်တန်းသားဦးရေ ယာဉ်မောင်း ၅၀၈ဦးနှင့် ယာဉ်နောက်လိုက် ၈၅၁ဦး စုစုပေါင်း ၁၃၅၉ ဦးကို သင်တန်းပို့ချခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စတင်ဖွင့်

ယခုထပ်မံ၍ အခြေခံသင်တန်း (Basic Training Course)အမှတ်စဉ် (၁၅/၂၀၁၃)ကို ဇန်နဝါရီ ၁၃ ရက် နေ့မှစ၍ ဖွင့်လှစ်ပို့ချခဲ့ရာ ယာဉ်မောင်း ၆၀ နှင့် ယာဉ်နောက်လိုက် ၈၄ဦး စုစုပေါင်း ၁၄၄ ဦး တက်ရောက်ခဲ့ပြီး မွမ်းမံသင်တန်း အမှတ်စဉ် (၁၃/၂၀၁၃)ကို ဇန်နဝါရီ ၂၅ ရက်မှ စတင်ဖွင့်လှစ်ကြောင်း သိရသည်။ **ဆွေဆွေနိုင်(သတင်းစဉ်)**

အားကစားသတင်း

မြန်မာ့ရိုးရာလက်ဝှေ့မြန်မာပြည်ချန်ပီယံလုပွဲကြီး ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ကျင်းပမည်

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ KSM ရိုးရာလက်ဝှေ့ပရိုမိုးရှင်းဂရု(ပ်)မှ စီစဉ်ကျင်းပမည့် မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံလုပွဲကြီးကို ဖေဖော်ဝါရီ ၁၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ အားကစားခန်းမ(ကန်တော်ကြီး)၌ ကျင်းပမည်ဖြစ်သည်။

လက်ရှိမြန်မာပြည် အလွတ်တန်းချန်ပီယံသည် လေးထပ်ကွမ်း ဒဂုံအောင်လံဆုရှင် ရွှေခါးပတ် ချန်ပီယံ စောငမန်း(ရွှေဖူး) ပင်ဖြစ်သည်။ စောငမန်းသည် အလွတ်တန်းချန်ပီယံသရဖူကိုထိန်းထားသည်မှာ ကြာပြီဖြစ်သည်။ ယခုစောငမန်း(ရွှေဖူး)၏ အလွတ်တန်း ချန်ပီယံသရဖူကို လွှဲပြောင်းယူဖို့ ကြိုးစားနေသူကတော့ ၂၀၁၃ ခုနှစ် ဒဂုံ ရွှေအောင်လံဆုရှင် ရွှေခါးပတ် ချန်ပီယံ တွေ့မရှောင်ပင်ဖြစ်သည်။ သူတို့နှစ်ဦးဆုံခြင်းမှာ ယခု အကြိမ်သည် ပထမဆုံးအကြိမ်ပင်ဖြစ်သည်။ စောငမန်း၏ လက်ရည်ကို ရိုးရာပရိသတ်များ တွေ့ဖူးသလို တွေ့မရှောင်၏ လက်ရည်ကိုလည်း ပရိသတ်များ လောလောလတ်လတ် ကြည့်မြင်ခဲ့ရပေသည်။

မြန်မာ့ရိုးရာလက်ဝှေ့ကြည့် ပရိသတ်သည် ပွဲသိမ်းမြန်သောနိုင်ငံခြားသားများနှင့် ထိုးသတ်သည့် ပွဲများကို သိပ်အားမရကြတော့။ မြန်မာ့ရိုးရာလက်ဝှေ့ကျော်များ၏ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်ဖြင့် “အကြီးအသေးမရှောင်” “စိန်ခေါ်ရင် တိမ်ပေါ်ထိတက်မယ်” ဆိုသည့် ဇွဲသန်သန်ဖြင့် ထိုးသတ်သည့်ပွဲများကိုသာ ကြည့်လိုလှသည်။

ထို့ကြောင့်လည်း မြန်မာပြည် အလွတ်တန်းချန်ပီယံ ဘယ်သူလဲ ဆိုတာ သဲသဲကွဲကွဲသိဖို့ စောငမန်း (ရွှေဖူး)နှင့် တွေ့မရှောင်(နဂါးမာန်) တို့ ချန်ပီယံ လုကြပေတော့မည်။ ဂူတစ်ဂူထဲတွင် ခြင်္သေ့နှစ်ကောင်အောင်း၍ မရသလို လက်ရှိအလွတ်တန်းချန်ပီယံ စောငမန်း (ရွှေဖူး)နှင့် တွေ့မရှောင် (နဂါးမာန်)တို့၏ ပွဲကို စောင့်ကြည့် အဖြေရှာရမည်ဖြစ်သည်။

သူတို့ နှစ်ဦးကလည်း တစ်ကြိမ်မှ မဆုံခဲ့။ ယခုတစ်ကြိမ် ပထမဆုံး အကြိမ်ဖြစ်သည်။

အခြားပွဲစဉ်များကလည်း စိတ်ဝင်စားစရာကောင်းသည်။

ရွှေခါးပတ်ချန်ပီယံ ဒဂုံရွှေအောင်လံဆုရှင် သတ္တိအောင် (တောင်ကလေး)နှင့် ၂၀၁၃ ဒဂုံရွှေအောင်လံဆုရှင် ၂၀၁၂ အာရှ “မွေ” ရွှေတံဆိပ်ဆုရှင် တူးတူး(နဂါးမာန်)။

တိုင်းဒေသကြီး/ပြည်နယ်ရွှေတံဆိပ်ဆုရ ဒေါင်းသည်းချေ (ဝါဆို)နှင့် တိုင်းဒေသကြီး/ပြည်နယ် ရွှေတံဆိပ် ဆုရ စောဂေါ်မူတို (သတ္တိ)။

တိုင်းဒေသကြီး/ပြည်နယ် ရွှေတံဆိပ်ဆုရ ကြယ်လေး (ရွှေဖူး)နှင့် ၂၀၁၃ ဒဂုံရွှေအောင်လံ (တတိယ) တန်းဆုရှင် ရဲမြင့်အောင်(အဖြူရောင်သွေးသစ်)။

ရွှေခါးပတ်ချန်ပီယံမိုးသီး(ရွှေဖူး) နှင့် အောင်ဂဲစော (တောင်ကလေး)၊ လှစ်လှစ်လေး(အဖြူရောင်သွေးသစ်) နှင့် ဖိုးလပြည့် (ရွှေဖူး)၊ ဝင်းမောက် (ရွှေဖူး)နှင့် နေလင်းအောင်(အဖြူရောင်သွေးသစ်) တို့ ပါဝင်ထိုးသတ်မည်ဖြစ်သည်။ KSM ဂရု(ပ်)၏ ပွဲစီစဉ်သူတစ်ဦးဖြစ်သူ ကီးမားဦးတင်ဝင်းကလည်း ဤပွဲသည်စောင့်ကြည့်ရမည့် ပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်ကြောင်း၊ စောငမန်းနှင့် တွေ့မရှောင်ပွဲတည်ဖို့ ကြိုးစားသူများရှိခဲ့သော်လည်းမအောင်မြင်ခဲ့ကြောင်း၊ ယခုပွဲဖြစ်မြောက်အောင် KSM ဂရု(ပ်)အနေဖြင့် အထူးကြိုးပမ်းခဲ့ရကြောင်း၊ နှစ်ဦးစလုံးသည် ခံနိုင်ရည်လည်းရှိကြောင်းပြောခဲ့သည်။ ပွဲကြီးပွဲကောင်းတစ်ပွဲမို့ မန္တလေးမှ ရိုးရာလက်ဝှေ့ဝါသနာရှင်များ ရန်ကုန်သို့ လိုက်ပါကြည့်ရှုမည်ဟုလည်း သိရှိ



ရသည်။ မြန်မာ့ရိုးရာလက်ဝှေ့၏ “လက်သီးမှာ အထိုး၊ တံတောင်မှာ အတွက်၊ ခေါင်းကအတိုက်၊ ဒူးအရှိုက်နှင့် ခြေဖျားကိုစိုက်၊ လက်ဖျံရိုက်”ဟူသော စကားနှင့်အညီ မြန်မာ့ရိုးရာလက်ဝှေ့ရသကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

မြန်မာအမျိုးသားတို့၏ ကိုယ်ပိုင်အားကစားစစ်စစ်ဖြစ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ ပွဲကြည့်ရင်း မြန်မာ့ရိုးရာအားကစား ရိုးရာလက်ဝှေ့ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းပေးကြပါစို့။ **ခင်ခင်ဝင်း(ပညာရေး)**

မာရေးနှင့် ဂျိုကိုဗစ် ဗိုလ်လုမည်

ဗြိတိသျှနံပါတ်တစ်တင်းနစ် ကစားသမား အင်ဒီမာရေးသည် သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နာမည်ကြီးတင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားအား အနိုင်ရပြီး တတိယအကြိမ်မြောက် ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ မာရေးသည် ဖက်ဒဲယားအား ၆-၄၊ ၆-၇(၅-၇)၊ ၆-၃၊ ၆-၇(၂-၇)၊ ၆-၂ ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ မာရေးသည် ဇန်နဝါရီ ၂၇ ရက်တွင် ယှဉ်ပြိုင်မည့် ဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်တစ် ဂျိုကိုဗစ်နှင့် ကစားရမည်ဖြစ်သည်။

အက်ဖ်အေဖလား မီဝေါလ်နိုင်

အက်ဖ်အေဖလား စတုတ္ထအကျော့ပြိုင်ပွဲတွင် အင်္ဂလန်ပထမတန်းကလပ် မီဝေါလ်က ပရီမီယာလိဂ် ကလပ် အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီးပဉ္စမအကျော့ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ မီဝေါလ်အတွက် အနိုင်ဂိုးကို ဂွန်မာကွစ်က ၈၉ မိနစ်တွင် သွင်းယူခဲ့သည်။

ပြင်သစ်တိုက်စစ်မှူး နယူးကာဆယ်ရောက်ပြီ

ပြင်သစ်ကလပ်တူးလောက် ကွင်းလယ်ကစားသမား မော့ဆာဆစ်ဆိုကိုအား နယူးကာဆယ်က ပြောင်းရွှေ့ကြေး ထုတ်ဖော်ကြေညာခြင်းမရှိဘဲ ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၂၃ နှစ်ရှိ ဆစ်ဆိုကိုအား နယူးကာဆယ်က ခြောက်နှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ကျောနံပါတ် -၇ ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားလိမ့်မည်ဖြစ်သည်။

နယူးကာဆယ်အသင်းသည် ပြီးခဲ့သည့် ပရီမီယာလိဂ်ရာသီက အမှတ်ပေးဇယားနံပါတ် (၅) နေရာအထိ တက်နိုင်ခဲ့သည်။ သို့သော်လည်း ယခုနှစ်တွင် နံပါတ် (၁၆) သို့ရောက်နေပြီး တန်းဆင်းဇုန်အထက် နှစ်မှတ်အကွာတွင် ရပ်တည်လျက်ရှိသည်။

ကောင်းမြတ်သူ - စုစည်းသည်

Myanmar Professional Development Center(MPDC) **နှင့်** Assumption University of Thailand **တို့ ပူးပေါင်း၍** MBA-Batch 6 **အတွက်**

ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ Myanmar Professional Development Center နှင့် ABAC တို့ပူးပေါင်း၍ MBA သင်တန်းများကို ရန်ကုန်မြို့တွင် ၂၀၁၀ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၁၃ခုနှစ်၊ February Intake အတွက် တန်းခွဲ ၆ (Batch 6) ကို ထပ်မံဖွင့်လှစ် သင်ကြားတော့မည်ဖြစ်ပါသည်။

၂။ ယင်း MBA သင်တန်းကို တက်ရောက်ရန်အတွက် မည်သည့်တက္ကသိုလ်မှမဆို ဘွဲ့ရရှိထားပြီးသူများ လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

၃။ သင်တန်းတက်ရောက်ခွင့်ရရှိရန်အတွက် ABAC ၏ English Placement Test ကို ဖြေဆိုရမည်ဖြစ်ပြီး IELTS (သို့မဟုတ်) TOEFL ဖြေဆိုထားပြီးသူများအတွက်မှာမူ ABAC ၏ English Placement Test ဖြေဆိုမှုကို ကင်းလွတ်ခွင့်ရမည် ဖြစ်ပါသည်။

၄။ သင်တန်းကြေးများကို အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်မည်ဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြု ABAC မှ ချီးမြှင့်သော စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာမဟာဘွဲ့ကို ပြည်တွင်း၌ အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် သင်ယူရရှိနိုင်မည့် အခွင့်အရေးကောင်းတစ်ခု ဖြစ်ပါသည်။

၅။ လူဦးရေကန့်သတ်ထားပါသဖြင့် စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်ကာ သင်တန်းလျှောက်လွှာများ ရယူပြီး လျှောက်ထားနိုင်ပါသည်။

Yangon Campus 1: **အဆောင်(၄)၊ အခန်း(၁)၊** Myanmar Info Tech Campus၊ **လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၇၀၄၃၊ ၅၀၇၀၄၇**

Yangon Campus 2: **အဆောင်(B) ၁၂လွှာ၊ ဒိုင်းမွန်းကွန်ဒို၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၁၂၂၀၇၁၉**

Mandalay Campus: **အိမ်အမှတ် ၆၂၊ ၇၄ လမ်းနှင့် ၇၅လမ်းကြား၊ ဒုတိယထပ်** RC **အဆောက်အအုံ၊ ဖုန်း-၀၉-၇၃၂၀၃၂၀၇၊ ၀၉-၅၂၃၁၄၁၁၊ ၀၉-၁၀၂၀၇၅၈**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

